# လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီ

## ပါ တီ စည်း ရုံး ရေး စာ စဉ်

စက်တင်ဘာ၊ ၂၀၂၄



ဒီ လ စ ကား

# ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်လမ်းကိုယ်လျှောက်နိုင်သူဟာ လူထု ဖြစ်တယ်

(၁)

စက်တင်ဘာလဟာ ကျနော်တို့နိုင်ငံအဖို့ အမှောင်လွှမ်းတဲ့လ၊ ဗိုလ်ကျအနိုင်ကျင့် အစော်ကား ခံရတဲ့လ ဖြစ်တယ်။ Black September လို့ ပြောနိုင်လောက်တဲ့လ ဖြစ်ပါတယ်။

၁၉၈၈၊ စက်တင်ဘာ ၁၈ ရက်၊ ရှစ်လေးလုံး ဒီမိုကရေစီလူထုအရေးတော်ပုံကြီးရဲ့ ဒီရေမြင့်ကာလ၊ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ သပိတ်ကော်မတီတွေက မြို့ပြအုပ်ချုပ်ရေးတွေကို တာဝန်ယူထားတဲ့ကာလ၊ မဆလအစိုးရရဲ့ ယန္တရားတခုလုံး အလုပ်မလုပ်နိုင်တော့လောက်အောင် ပြိုယိမ်းထိုးနေတဲ့ကာလ၊ မဆလရဲ့ တပ်အချို့နဲ့ ရဲတပ်ဖွဲ့အချို့ပါ လူထကြီးနဲ့ လာရောက်ပူးပေါင်းတဲ့ကာလ၊ ဗကသများအဖွဲ့ချုပ်က ကမကထ ပြုပြီး ကြီး ၅ ကြီးကို ကြားဖြတ်အစိုးရ ဖွဲ့စည်းဖို့ ပန်ကြားတောင်းဆိုနေတဲ့ကာလ၊ ကြီး ၅ ကြီးက အဆင်သင့်မဖြစ်လို့ အထွေထွေသပိတ်ကော်မတီက ဦးဆောင်ပြီး ကြားဖြတ်အစိုးရ ဖွဲ့စည်းဖို့ ပြင်ဆင်နေတဲ့ ကာလမှာ ဗိုလ်စောမောင်ဦးစီးတဲ့ စစ်တပ်ဟာ လက်နက်နဲ့ အကြမ်းဖက် သတ်ဖြတ်ဖြိုခွင်းပြီး အာဏာသိမ်း ခဲ့တယ်။ နိုင်ငံအနှံ့မှာ သွေးချောင်းစီးမတတ် ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့တယ်။ ဖမ်းဆီးထောင်ချ ပစ်ခဲ့တယ်။ တကယ့်ကို သွေးလွှမ်းသော စက်တင်ဘာ၊ အမှောင်ဖုံးသောစက်တင်ဘာ ဖြစ်ခဲ့ရပါတယ်။

စစ်အုပ်စုဟာ တစမကျန် ချေမှုန်းဖျက်သိမ်းလိုက်ချင်ပေမဲ့ အရေးတော်ပုံကြီးရဲ့ ကြီးမြတ်ဂုဏ် ပြောင်မှုကို မလွန်ဆန်နိုင်လို့ မလွှဲမရှောင်သာ ပါတီစုံဒီမိုကရေစီစနစ်ကို ခွင့်ပြုလိုက်ရတယ်။ ဒီလိုကြောင့်ပဲ ကျနော်တို့ပါတီ အပါအဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင်၊ နိုင်ငံရေးပါတီတွေ တည်ထောင် လှုပ်ရှားခွင့် ရခဲ့တယ်။ ဗကသများအဖွဲ့ချုပ်အဖြစ် လှုပ်ရှားလာနိုင်ခဲ့တယ်။ ABSDF ဆိုတဲ့ ကျောင်းသား တပ်မတော်ကို ဖွဲ့စည်းလှုပ်ရှားနိုင်ခဲ့တယ်။ အမှောင်ကြားကပဲ လူထုအားနဲ့ ထိုးထွက်လင်းလက် တောက်ပ ခဲ့ကြတယ်။ လူထုရဲ့စွမ်းပကားဟာ စစ်အုပ်စုရဲ့အကြံယုတ်ကို ဖာက်သတ်ပြီး ကိုယ့်လမ်းကို ဆက်ဖောက် နိုင်ခဲ့တယ် ဆိုတဲ့ သက်သေပြချက်ဖြစ်တယ်လို့ ကျနော်ပြောချင်တယ်။

(၂)

၂၀၀၇၊ စက်တင်ဘာ ၂၆ ရက်၊ ၁၈၊ ၉၊ ၂၀၀၇ ရက်နေ့မှာ ပတ္တနိက္ကုဇ္ဇနသပိတ်ကံဆောင်ပွဲကို စလိုက်တယ်။ ဗိုလ်သန်းရွှေဦးဆောင်တဲ့ နအဖစစ်အစိုးရရဲ့ လူမဆန်တဲ့ ဗိုလ်ကျရိုင်းပြစော်ကားမှုတွေကို မေတ္တာပို့ လမ်းလျှောက်စီတန်း လှည့်လည်ခြင်းနဲ့ ရဲရဲရင့်ရင့် တုန့်ပြန်ပြလိုက်တယ်။

လူထုလူတန်းစား အလွှာအသီးသီးနဲ့ ဘာသာပေါင်းစုံလူထုကြီးက ဝိုင်းရံချီတက်ကြတယ်။ တနိုင်ငံ လုံးသာမက တကမ္ဘာလုံးမှာပါ ရွှေဝါရောင်တော်လှန်ရေးကြီး (Saffron Revolution) ကြီးအဖြစ် ကြီးကျယ် ခမ်းနားခဲ့တယ်။ ပြာယာခတ်သွားတဲ့ စစ်အုပ်စုဟာ သူ့ရဲ့လမ်းရိုးအတိုင်း စက်တင်ဘာ၂၆ ရက်နေ့မှာ အကြမ်းဖက်ဖြိုခွဲပါတော့တယ်။ ရိုက်နှက်တာ၊ ဖမ်းဆီးတာ၊ ပစ်ခတ်တာ၊ သတ်ဖြတ်တာ လူမဆန်အောင် လုပ်ခဲ့ပါတယ်။ ကျောင်းတိုက်တွေ ဝင်ဖျက်၊ ဝင်မွှေ မြင်မြင်ရာ ရိုက်နှက်ဖမ်းဆီးပြီး သာသနာကို၊ ရွှေဝါရောင်တော်လှန်ရေးကြီးကို ကမ်းကုန်အောင် စော်ကားခဲ့တာဖြစ်ပါတယ်။ သွေးလွှမ်းသောစက်တင်ဘာ၊ အမှောင်ဖုံးသောစက်တင်ဘာ တကယ် ဖြစ်ခဲ့ရပါတယ်။

အဲ့ဒီ အမှောင်ကြားကပဲ၊ ဘယ်လိုမှပြန်ဖျက်လို့မရတော့တဲ့ စစ်အုပ်စုရဲ့ အမဲစက်ကြီးထဲကပဲ ရွှေဝါရောင်တော်လှန်ရေးကြီးရဲ့ ဂုဏ်ရောင်ဟာ ကမ္ဘာတည်သရွေ့ ထွန်းလင်းတောက်ပသွားပြီ ဖြစ်ပါတယ်။ အဲ့ဒီ တိုက်ပွဲထဲကပဲ သံဃာ့သာမဂ္ဂီအဖွဲ့၊ ရဟန်းပျိုးများသမဂ္ဂ စတဲ့ တိုက်ပွဲဝင် သံဃာ့အဖွဲ့အစည်းကြီးတွေ ပြန်လည် အားကောင်းလာခဲ့တယ်။ အဲ့ဒီ တိုက်ပွဲနဲ့အတူ ဗကသများအဖွဲ့ချုပ်လည်း ပြန်လည် အားကောင်းလာခဲ့တယ်။ အမှောင်ထုကို ဖောက်ထွက်ခဲ့ကြတဲ့ မြင့်မြတ်သောကြယ်တာရာတွေ ဖြစ်ပါတယ်။

(၃)

၂၀၂၄၊ စက်တင်ဘာ ၁၀ ရက်၊ တောင်တရုတ်ပင်လယ်မှာ စတိုက်တဲ့ ရာဂီမုန်တိုင်းအရှိန်ကြောင့် စက်တင်ဘာ ၉ ရက်နေ့ကစ နိုင်ငံအနှံ့အပြားမှာ မိုးပြင်းထန်စွာ ရွာသွန်းခဲ့တယ်။ စက်တင်ဘာ ၁၀ ရက်နေ့ကစ ရှမ်းပြည်အရှေ့ပိုင်းမှာ ရေကြီးရေလျှံတာတွေ စဖြစ်တယ်။ ရှမ်းပြည်တောင်ပိုင်းက ကလော၊ အင်းလေး၊ ညောင်ရွှေ၊ မန္တလေးတိုင်းထဲက ရမည်းသင်း၊ ပျော်ဘွယ်၊ ကျောက်ဆည်၊ မြစ်သား၊ ပျဉ်းမနား၊ တပ်ကုန်း၊ နေပြည်တော်က ဇေယျာသီရိ၊ စစ်တောင်းမြစ်ဝှမ်းက ဆွာ၊ တောင်ငူ၊ ရောဝတီတိုင်းထဲက ပုသိမ်၊ ဟင်္သာတ အပါအဝင် မြန်မာနိုင်ငံအနှံ့ မြစ်နီး၊ချောင်းနီး၊ ဆည်နီး မြို့ရွာအများအပြား ရေကြီးရေလျှံ ဖြစ်ခဲ့ကြရတယ်။ အချို့ရွာတွေ ရေထဲမြောပါ၊ အချို့ရွာတွေ တောင်ပြိုပြီး မြေထဲမြုပ်သွား၊ ရွာတိုင်း၊ အိမ်တိုင်း အိမ်ခေါင်မိုးတွေထိ ရေထဲနစ်မြုပ်၊ လူတွေ ရေထဲမျောပါ၊ လူတွေသေ၊ မွေးထားတဲ့ကျွဲနွားတွေသေ၊ စိုက်ထားပျိုးထားတာတွေပျက် တကယ့်ကို ကမ္ဘာပျက်သလို ဖြစ်ကြရတာပါ။

ရေမကြီး ရေမလျှံခင် လုံလောက်တဲ့ ကြိုတင်အသိပေးတာတွေ မရှိဘူး၊ ရေတွေ ဒလဟောကြီးလို့ အသက်လုနေရတဲ့ အချိန်မှာလည်း ထိရောက်တဲ့ ရှာဖွေကယ်တင်ပေးတာ မရှိဘူး။ ရေပြန်ကျသွားတဲ့အချိန် အပျက်အစီး အဆုံးအရှုံးတွေအတွက် ထိထိရောက်ရောက် ပြန်လည်ထူထောင်ပေးတာ မရှိဘူး။ ဘယ်နေရာမှာမှ စစ်ကောင်စီ တာဝန်မကျေခဲ့ဘူး။ စစ်အုပ်စုမှာ လူထုကိုကူညီဖို့ အရည်အချင်းလည်းမရှိဘူး၊ စေတနာလည်း မရှိဘူး။

လူထုအတွက် လူထုပဲရှိတယ် ဆိုတဲ့စကားက တကယ့်တရားဖြစ်တယ်။

မဆုံးနိုင်တဲ့ ရေပြင်ကြီးထဲ၊ တဝုန်းဝုန်းနဲ့ ရေစီးတွေကြမ်းနေတဲ့ ရေပြင်ကြီးထဲ သစ်ပင်တွေပေါ်တက်ပြီး သစ်ကိုင်းကိုဖက်ပြီး ဘုရားတနေရတဲ့အချိန်မှာ သူများနိုင်ငံတွေဆို ရဟတ်ယာဉ်တွေနဲ့ အစိုးရက ဦးဆောင်ပြီး ရှာဖွေကယ်ထုတ်ပေးမှာ ဖြစ်ပေမယ့် ကျနော်တို့ဆီမှာတော့ လူထုအချင်းချင်းသာ နိုင်သမျှဝန်နဲ့ အသက်စွန့်ပြီး ကယ်တင်ခဲ့ကြရတဲ့ အဖြစ်ပါ။ တကယ့်ကို အမှောင်ဆုံးလရဲ့ အမှောင်ဆုံးနေ့ရက်တွေ ဖြစ်ပါတယ်။

သည်အမှောင်တွေအားလုံးရဲ့ လက်သည်တရားခံဟာ စစ်အုပ်စုဖြစ်တယ်။

ဘယ်လောက်ပဲ မဲမှောင်ပါစေ၊ ဘယ်လိုအန္တရာယ်မျိုးပဲ ကျနေပါစေ၊ ကိုယ့်ကိုကိုယ် အလင်းပြရင်း ကိုယ့်လမ်းကိုယ် လျှောက်နိုင်သူဟာ လူထုဖြစ်တယ်ဆိုတဲ့ တရားကို စက်တင်ဘာအတွေ့အကြုံများက အထင်အရှား သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။

(၂၃၊ ၉၊ ၂၀၂၄)



# မစ္စတာဝမ်ယိနဲ့စစ်ကောင်စီတွေ့ဆုံမှုအပေါ် DPNS သဘောထား

## ဦးအောင်မိုးဇော် (လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ)နှင့် တွေ့ဆုံမေးမြန်းခန်း

**Thet Htwe Naing-(Freelance journalist) 20.8.2024**

**မေး။ ။ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက မြန်မာနိုင်ငံကို ကိုယ်စားလှယ်အဖွဲ့လာပြီး စစ်ကောင်စီနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ အဲ့ဒီမှာ သိသိသာသာ Endorse လုပ်သွားတာ၊ ထောက်ခံသွားတာက စစ်ကောင်စီသွားမယ့် ရွေးကောက်ပွဲလမ်းကြောင်းကို သူတို့ ကူညီပေးမယ်ဆိုပြီး ပြောသွားတယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကတော့ စစ်ကောင်စီနဲ့ မပူးပေါင်းတာ၊ ရွေးကောက်ပွဲ လက်မခံတာကို ၂၀၂၁ နွေဦးတော်လှန်ရေး စကတည်းက ကြေငြာခဲ့တာဖြစ်တယ်။ အဲ့ဒီတော့ တရုတ်နိုင်ငံက စစ်ကောင်စီကို ထောက်ခံတယ်ဆိုပြီး လုပ်သွားတဲ့ အခြေအနေနဲ့ ပတ်သက်ပြီးတော့ ဘယ်လို သဘောထားရှိလဲ ဆိုတာကို အရင်ဆုံး သိလိုပါတယ်။**

ဖြေ။ ။ ပထမတချက်အနေနဲ့ တရုတ်ရဲ့ထောက်ခံမှုဆိုတာနဲ့ပတ်သက်လို့ ကျနော်တို့က ကန့်ကွက်ချင်တယ်။ တရုတ်ပြည်သူတွေအနေနဲ့၊ တရုတ်နိုင်ငံအနေနဲ့၊ တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တွေအနေနဲ့ မြန်မာပြည်သူတွေရဲ့ သဘောထားကို အလေးအနက်ထားစေချင်တယ်လို့ ကျနော်ပြောချင်ပါတယ်။ အခု သူတို့ရဲ့ စစ်အုပ်စုအပေါ်မှာ ထောက်ခံမှု၊ စစ်အုပ်စုနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ တတ်နိုင်သမျှ ကူညီမယ်ဆိုတဲ့ သဘောထားကို ကျနော်တို့ မနှစ်မြို့ဘူး။ ပြည်သူတွေအနေနဲ့လည်း နှစ်မြို့မှာမဟုတ်ဘူးဆိုတဲ့ သဘောထားကို ပြောချင်ပါတယ်။

**မေး။ ။ ပိုပြီးထူးခြားတာက အခုလာရောက်မှုဟာ မစ်ရှင်တခုအနေနဲ့ လာရောက်တဲ့ပုံစံဖြစ်တယ်။ အသေးစိတ်ဆွေးနွေးပုံလည်း ရတယ်။ ဆွေးနွေးတာတွေကလည်း အရင်စစ်အစိုးရ ခေါင်းဆောင်ဟောင်း ဦးသန်းရွှေလည်း ပါတယ်။ စသည်ဖြင့် သေသေချာချာကို ထောင့်စေ့အောင် လုပ်သွားတဲ့ပုံစံ တွေ့ရတယ်။**

**အဲ့တော့ တခြားရှိလာနိုင်တာက လက်ရှိဖြစ်နေတဲ့ စစ်ပွဲတွေကိုလည်း တရုတ်က သူ့ဩဇာအရှိန်နဲ့ ရပ်အောင် လုပ်ကောင်းလုပ်နိုင်တဲ့ အခြေအနေ ရှိကောင်းရှိနိုင်တယ်။ ဆိုတော့ အဲ့ဒီလို အစစအရာရာ တရုတ်က ခြေလှမ်းတွေ လှမ်းလာမယ်၊ လုပ်လာမယ်ဆိုရင် ဖြစ်လာနိုင်တဲ့ရလဒ်ပေါ့။ ဒီရွေးကောက်ပွဲက အောင်မြင်သွားနိုင်လား။ အဲ့အပေါ်ကို ဦးအောင်မိုးဇော်တို့ ဘယ်လို သုံးသပ်ထားလဲဗျ။**

**ဖြေ။** ။ တရုတ်အနေနဲ့ တခြားတဖက်က ဥပမာ ကိုးကန့်တို့လို၊ ဝတို့လို၊ ပလောင်တို့လို အဲ့လို ပထမစစ်တွေဖြစ်တဲ့အခါ သူတို့ကူညီခဲ့တာပဲ။ ဒုတိယအကျော့ ပြန်ဖြစ်တော့လည်းပဲ မြောက်ပိုင်းအင်အားစုတွေကို တစုံတရာ နောက်ကကူနေတယ်။ တဖက်ကလည်း ခုက နေပြည်တော်ကိုသွားတယ်။ နေပြည်တော်မှာ ရွေးကောက်ပွဲ လုပ်ပါ။ သို့တည်းမဟုတ်ရင် တွေ့ဆုံဆွေးနွေးရေး လုပ်ပါ။ စသည်ဖြင့် တိုက်တွန်းမှုတွေကို လုပ်နေတယ်။ သူတို့ကူညီမယ် အဲ့ဒါကို လုပ်နေတယ်။ အဲ့အခြေအနေကတော့ အမှန်တကယ်တွေ့ရတာဖြစ်တယ်။ နောက်တခုက တရုတ်ကိုယ်၌က တိုင်းပြည်ထဲမှာရှိတဲ့ပြဿနာက ရွေးကောက်ပွဲလုပ်ရုံနဲ့ ပြေလည်မသွားနိုင်ဘူးဆိုတာ သူတို့သိပါတယ်။ သူတို့ အခိုင်အမာသိတယ်လို့ ကျနော် ယူဆတယ်။ အဲ့အတွက် နောက်ကွယ်က တိုးတိုးတိတ်တိတ် စကားပြောတဲ့အခါမှာ ဘာတွေပြောသွားလဲ။ ကနေ့အခြေအနေအထိ မင်းအောင်လှိုင်ကပဲဖြစ်ဖြစ်၊ ကနေ့အခြေအနေအထိ ဗမာပြည်ထဲမှာ ဗိုလ်ကျနေတဲ့ စစ်တပ်ကဖြစ်ဖြစ် သူတို့တိုင်းပြည်အတွက် သူတို့အားကိုးရာလို့ သဘောထားရင်တော့ တရုတ်ကိုယ်တိုင် အမှားနဲ့ရင်ဆိုင်ရလိမ့်မယ်လို့ ပြောချင်ပါတယ်။

**မေး။** ။ **ဒါပေမဲ့ တရုတ်ပြောသွားတာတခုက ဒီရွေးကောက်ပွဲဟာ အားလုံးပါဝင်နိုင်ရမယ်လို့ အဲ့ဒါကိုလည်း ထောက်ပြသွားတာ ရှိတယ်။ ဆိုတဲ့အခါကျတော့ အားလုံး ပြန်လည်တွေ့ဆုံညှိနှိုင်းရေးဆိုတဲ့ လမ်းကြောင်းကို ရွေးကောက်ပွဲပုံစံနဲ့ တရုတ်က သွားလိုတဲ့သဘောထားလားတော့မသိဘူး။ အားလုံးပါဝင်နိုင်ဖို့ ဆိုတာကရော ဖြစ်နိုင်ချေရှိမလား။ တရုတ်ရဲ့ဆန္ဒက ဖြစ်နိုင်ပါ့မလား။ အဲ့အပေါ်ရော ဦးအောင်မိုးဇော်တို့ ဘယ်လိုမြင်လဲဗျ။**

**ဖြေ။** ။ စစ်အုပ်စုက အကြမ်းဖက်အုပ်စုသာသာ၊ ဓားပြသာသာ အဆင့်ပဲရှိတာ။ ဒီကနေ့ တိုင်းပြည်ထဲမှာ စစ်အုပ်စုက ပြည်သူလူထုကို ဘယ်လောက်ထိ နှိပ်စက်နေသလဲဆိုတာ တရုတ် မသိစရာအကြောင်းဘာမှမရှိဘူး။ အဲ့အခြေအနေအောက်မှာ စစ်အုပ်စုပါတဲ့၊ စစ်အုပ်စုကိုထောက်ခံတဲ့ နိုင်ငံရေးပါတီတွေ ပါပြီးတော့ ရွေးကောက်ပွဲလုပ်မယ်ဆိုရင်။ ကနေ့ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေကို ခင်ဗျားကြည့်ပါ။



ဘယ်နှပါတီရှိလို့လဲ။ အဲ့လူတွေနဲ့ ရွေးကောက်ပွဲလုပ်ရင် ကျနော်တို့တိုင်းပြည် ကောင်းသွားမလား။ ဒီကနေ့ ကျနော်တို့ တိုင်းပြည် ဖြစ်နေတဲ့ စစ်ကရော ရပ်သွားမှာလား။ ဘယ်လို အခြေအနေမျိုးနဲ့မှ ပြေလည်နိုင်စရာအကြောင်းမရှိဘူး။ ကျိန်းသေတာက ကနေ့ ကျနော်တို့တိုင်းပြည်ထဲမှာ တော်လှန်ရေး တပ်ဖွဲ့တွေက သိသိသာသာ သိမ်းထားတာ မြို့နယ် ၇၀ ကျော်နေပြီ။ ၉၀ ကျော် ၁၀၀ နား ကပ်နေပြီ။ ဒီအခြေအနေ ကြီးက မရပ်ဘူး။ ဒီအခြေအနေကြီးက ဆက်သွားဦးမှာ။ အဲ့လို

အခြေအနေမျိုးကို နိုင်ငံရေးအရပြေလည်အောင် မင်းတို့လည်းတော်တော့၊ မင်းတို့ မလုပ်နဲ့တော့၊ မင်းတို့ ထွက်တော့၊ စစ်တပ်က စစ်တပ်နေရာမှာပဲနေ။ အဲ့လိုအခြေအနေမျိုးကို မပြောဘဲနဲ့ ရွေးကောက်ပွဲ သူတို့ဦးဆောင်ပြီး လုပ်ပါ။ သို့တည်းမဟုတ်လို့ရှိရင် ဆွေးနွေးပွဲလုပ်ပါ၊ ပြေလည်အောင် ဖြေရှင်းပါ။ ဓားပြသာသာကောင်တွေ၊ လူသတ်သမားတွေနဲ့ ဘယ်လိုလုပ်ပြီး စကားပြောမလဲ။ ပြဿနာရှိတယ်။ အဲ့အခြေအနေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ မှန်မှန်ကန်ကန် သဘောပေါက်ဖို့လိုတယ်လို့ ကျနော် ပြောချင်တယ်။

**မေး။ ။ ခုဏ ဦးအောင်မိုးဇော် ပြောသလို အတွင်းကြိတ်မှာ သူတို့ဘာတွေပြောလဲဆိုတာတော့ မသိဘူးပေါ့နော်။ လက်ရှိ တရုတ်က မြောက်ပိုင်းမှာလည်း ကူညီနေတာတွေရှိတယ်။ ဒေသကို ပြေလည် အောင် လုပ်တာတွေရှိတယ်။ တဖက်ကလည်း ရွေးကောက်ပွဲကို သွားတယ်ဆိုတော့။ အတွင်းစည်းမှာ တော့ ဘာတွေပြောလဲဆိုတာတော့ မသိဘူးပေါ့။ နောက်ပြီးတော့ တရုတ်အနေနဲ့ ဒီရွေးကောက်ပွဲက ပြေလည်မှာမဟုတ်ဘူးဆိုတာ သူတို့ သဘောပေါက်နိုင်တယ်။ ဦးအောင်မိုးဇော် သုံးသပ်တယ်။ အဲ့ဒါဆိုရင် တရုတ်က ဒါကြီးကို မစ်ရှင်အနေနဲ့ အကြီးအကျယ် အောင်မြင်အောင်လုပ်ဖို့ သူက ဘာလို့ တွန်းအား ပေးတာလဲ။ ဒါမှမဟုတ် သူတို့နောက်မှာ တရုတ်က ဘာကိုရည်ရွယ်ပြီး၊ ဘာကိုလိုချင်တာလဲ။ ပထဝီ နိုင်ငံရေးအရ တခုခုကို စိုးရိမ်နေလို့လား။ အဲ့အပေါ်ကိုရော ဦးအောင်မိုးဇော် ဘယ်လိုမြင်လဲဗျ။**

ဖြေ။ ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့က ဒေသအတွင်းမှာ အထူးသဖြင့် အရှေ့တောင်အာရှမှာ သူ စိုးရိမ်စရာနိုင်ငံ မရှိပါဘူး။ အနောက်အုပ်စုတွေကလည်း သူ့အလုပ်နဲ့သူ ရှုပ်နေတာ။ အမေရိကန်က လည်းပဲ ယူကရိန်းကိစ္စနဲ့ အရှေ့အလယ်ပိုင်းကိစ္စနဲ့ သူ့အလုပ်နဲ့သူရှုပ်နေတာ။ ကျနော်တို့ကိစ္စကို သိပ် ထိထိရောက်ရောက် ကူညီနိုင်တဲ့အခြေအနေမှာ မရှိဘူး။ တရုတ်ကသာ အင်တိုက်အားတိုက် ဝင်လုပ်နေတာ ဖြစ်တယ်။ ဆိုတဲ့အခါကျတော့ ကျိန်းသေတယ်၊ ကနေ့စစ်အုပ်စုကို၊ မင်းအောင်လှိုင်ကို တရုတ်က ထိန်း ကျောင်းမယ်ဆိုရင် ထိန်းကျောင်းနိုင်တဲ့အခြေအနေ ရှိတယ်။ အဲ့လိုအခြေအနေမျိုး ဖြစ်အောင်လို့၊ သူ လိုချင်တဲ့ ပုံစံမျိုးဖြစ်အောင်လို့ တွန်းနေတာလား ကျနော် မပြောတတ်ဘူး။ ရွေးကောက်ပွဲလုပ်ပြီးတော့ အတင်းတွန်းတယ်ဆိုရင်တော့ အဲ့ဒါ တရုတ်က အင်မတန် 'အ'တာပဲ ဖြစ်လိမ့်မယ်။ တရုတ်နိုင်ငံရဲ့ စဉ်းစားမှုဟာ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ ကျနော်ထင်ပါတယ်။

**မေး။ ။ တကယ်လို့ စစ်ကောင်စီက သူတို့သွားနေတာ၊ ပြောနေတာက၊ သူတို့ အနတ္တိမရည်မှန်းချက်က ရွေးကောက်ပွဲပေါ့နော်။ ရွေးကောက်ပွဲကို တရုတ်ရဲ့အကူအညီနဲ့ သူတို့ မဖြစ်မနေလုပ်လာမယ်။ နောက် ၂၀၁၀ တုန်းက ဦးသိန်းစိန်ပုံစံမျိုး ရွေးကောက်ပွဲတခု ပေါ်လာမယ်၊ လွှတ်တော်လည်း ပေါ်လာပြီဆိုရင်၊ အဲ့ဒီဖြစ်စဉ်ကြီး တကယ်ဖြစ်လာမယ်ဆိုရင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ ဘာဆက်လုပ် မလဲဗျ။**

ဖြေ။ ။ အဲ့ဒါက မဖြစ်နိုင်တဲ့ကိစ္စပဲ။ ဦးသိန်းစိန် အစိုးရလက်ထက်နဲ့၊ ဒီကနေ့ မင်းအောင်လှိုင်နဲ့ တူလား။ ဦးသိန်းစိန် ရွေးကောက်ပွဲ တစုံတရာ ရွှေ့သွားတုန်းက အကုန်လုံးက ဝန်းရံကြတဲ့အနေအထား ဖြစ်တယ်။ နိုင်ငံတကာက အမေရိကန်ကရော၊ အနောက်ဥရောပကရော၊ တကမ္ဘာလုံးကရော၊ တရုတ်ကရော ဝန်းရံ




ကြတဲ့ အနေအထား ဖြစ်တယ်။ ခုအနေအထားက အဲ့လိုမရှိဘူး။ ရွေးကောက်ပွဲလုပ်နိုင်တဲ့ အခြေအနေလည်း မရှိဘူး။ အခု မန္တလေးမှာ ရွေးကောက်ပွဲ သူတို့ဘယ်လိုလုပ်မလဲ။ အထက်ဗမာပြည်မှာ ရွေးကောက်ပွဲ ဘယ်လိုလုပ်မလဲ။ စစ်ကိုင်းမှာ ရွေးကောက်ပွဲ ဘယ်လိုလုပ်မလဲ။ နောက် အောက်မှာ၊ ပဲခူးတိုင်း အရှေ့ခြမ်းမှာ ဒီကောင်တွေ ရွေးကောက်ပွဲဘယ်လိုလုပ်မလဲ။ ဒီကနေ့အနေအထားမှာ ရွေးကောက်ပွဲ လုပ်နိုင်ခြေ ရှိတယ်လို့ တွက်လို့ရတာက ဧရာဝတီတိုင်းလိုဟာမျိုးမှာ သူ လုပ်ကောင်းလုပ်နိုင်မယ်။ တနင်္သာရီတိုင်းလိုဟာမျိုးမှာ လုပ်ကောင်းလုပ်နိုင်တယ်။ မွန်ပြည်နယ်လို ဒေသမျိုးမှာ လုပ်ကောင်း လုပ်နိုင်တယ်။ ဒါတောင်မှ အဲ့ဒေသတွေမှာလည်းပဲ တော်လှန်လှုပ်ရှားတဲ့သူတွေ နေရာအနှံ့မှာ ရှိနေကြတယ်။ ဟန်ပြလုပ်မယ်ဗျာ။ မြို့တမြို့မှာ မဲရုံတစ်ရုံ၊ နှစ်ရုံထောင်ပြီးတော့ လုပ်မယ်ဗျာ။ အဲ့ဒါဆိုရင်တော့ သူ့လူနဲ့သူပဲ တွန်းရင်တော့ ဖြစ်ကောင်းဖြစ်မှာပေ့ါ။ အဲ့ဒါဆိုရင်ရော ထောက်ခံပါမယ်လို့ပြောတဲ့ နိုင်ငံတွေက ဘယ်လို ထောက်ခံမှာလဲ။ အဲ့လိုအခြေအနေမျိုးတွေ ဖြစ်နေတာဆိုတော့ ဒီရွေးကောက်ပွဲ လုပ်မယ်ပြောတဲ့ကိစ္စက အာကျယ်နေတာပဲ။ တမင်တကာ ဟန်လုပ်နေတာပဲလို့ ကျနော်ထင်တယ်။ လက်တွေ့ကျတော့ သူတို့ မိန်းမတွေ၊ သူတို့ဆွေမျိုးတွေ၊ သားသမီးတွေတောင်မှ ထွက်ပြေးနေပြီ။

**မေး။ ။ နောက်တခုက နိုင်ငံတကာရဲ့ ချဉ်းကပ်မှုပေ့ါ။ အဓိကကတော့ အမေရိကန်ပေ့ါ။ တရုတ်ကတော့ ထဲထဲဝင်ဝင် ကူညီမယ်လို့ အခု ပြောတယ်။ အမေရိကန်ကလည်း တိုက်တိုက်ဆိုင်ဆိုင် မစ္စတာဝမ်ယီ မြန်မာနိုင်ငံသွားပြီး ခရီးစဉ် နောက်နှစ်ရက်မှာပဲ KNU ရယ်၊ KNPP ရယ်၊ CNF ရယ်၊ NUG ရယ်၊ NUCC ရယ်၊ ဒီအဖွဲ့တွေနဲ့ တွေ့ဆုံပြီး သူ့အကူအညီတွေ ပို့ပေးမယ်ဆိုပြီး ကတိပေးလိုက်တာ**

**တွေ့ရတယ်။ ဆိုတော့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး တရုတ်နဲ့ အမေရိကန်ကြားမှာ အခုလို တဖက်ကိုတဖက် အပြိုင်အဆိုင် ကူညီနေတဲ့ အနေအထားက Proxy ဖြစ်လာတော့မလား။ Proxy war တော့ မဟုတ်ဘူး၊ အမေရိကန်နဲ့ တရုတ်ရဲ့ ကစားကွက် နေရာအသစ် ဖြစ်လာတော့မလားဆိုပြီး သုံးသပ်ချက်တွေ ရှိနေပါတယ်။ အဲ့ဒါက ဘယ်လောက်ထိ မှန်မလဲ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အနေနဲ့ကရော အဲ့လို တရုတ်နဲ့ အမေရိကန် ချဉ်းကပ်မှုအပေါ်မှာ ဘယ်ဘက်က ရပ်တည်တယ်လို့ ပြောလို့ရမလဲ။**

**ဖြေ။** ။ တကယ်တန်းပြောမယ်ဆိုရင် ကျနော်တို့က ကျနော်တို့တိုင်းပြည်မှာ ဒီမိုကရေစီ ပြန်ပြီးတော့ ဖြစ်စေချင်တာ။ ကျနော်တို့တိုင်းပြည်အတွင်းမှာ ကျနော်တို့တိုင်းရင်းသားအချင်းချင်း စည်းစည်းရုံးရုံး ညီညီညွတ်ညွတ်နဲ့ ကျနော်တို့တိုင်းပြည်ကို ပြန်ပြီးတော့ ထူထောင်ချင်တာ။ အဲ့ဒါတခုပဲ ရှိတယ်။ အဲ့ဒါ အတွက် ကူညီတဲ့သူမှန်သမျှနဲ့ ကျနော်တို့ တွဲပြီးတော့အလုပ်လုပ်မှာ။ နောက် ကျနော်တို့ အိမ်နီးချင်း နိုင်ငံတွေဖြစ်တဲ့ တရုတ်ပဲဖြစ်ဖြစ်၊ ထိုင်းပဲဖြစ်ဖြစ်၊ အိန္ဒိယပဲဖြစ်ဖြစ်၊ ဒီနိုင်ငံတွေရဲ့ အကူအညီတွေလည်း ကျနော်တို့ လိုပါတယ်။ ဒီနိုင်ငံတွေကလည်း အမှန်တကယ် ကျနော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ချင်တာ။ ကျနော်တို့ အဓိကလုပ်နေတာက ကျနော်တို့တိုင်းပြည် တည်တည်ငြိမ်ငြိမ်ဖြစ်ဖို့၊ ကျနော်တို့တိုင်းပြည် အေးအေးချမ်းချမ်းဖြစ်ဖို့ ကျနော်တို့တိုင်းပြည်ထဲမှာ နေထိုင်တဲ့ တိုင်းရင်းသားပြည်သူတွေ အသီးသီးကြားမှာ သေသေချာချာ စည်းစည်းလုံးလုံးနဲ့ ကျနော်တို့တိုင်းပြည်ကို ပြန်လည်ထူထောင်နိုင်ဖို့ အဲ့ဒါကို ကျနော်တို့ ဆောင်ရွက်နေတာ။ ကျနော်တို့တိုင်းပြည်ထဲက ဖက်ဆစ်ဆန်တဲ့ကောင်တွေ၊ ဖက်ဆစ်သရုပ်သဏ္ဍာန်တွေ၊ ဒီမအလစစ်တပ်ကို မောင်းထုတ်ပစ်ဖို့ အဲ့ဒါကို ကျနော်တို့လုပ်နေတာ။ ဘယ်နိုင်ငံကိုမှ ကျနော်တို့ ပူးပေါင်း ဆောင်ရွက်နေတာ မဟုတ်ဘူး။ ဒီလို ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်ဆောင်နေတဲ့ ကိစ္စကို ကူညီနေတဲ့နိုင်ငံတွေနဲ့ ကျနော်တို့ လက်တွဲမှာပဲ။ ဘယ်သူနဲ့ ဖြစ်ဖြစ်ပါ။

**မေး။** ။ **နောက်တခုက ခုနက ကိုအောင်မိုးဇော် ပြောသလို လက်ရှိ ပကတိအခြေအနေမှာ တော်လှန်ရေးအင်အားစုတွေက မြို့နယ်တစ်ရာနီးပါးမှာ ရရှိနေတဲ့ အနေအထား ရှိနေပြီပေါ့နော်။ တဖြည်းဖြည်းနဲ့ အောင်မြင်လာနေပြီ။ အခုလို အနေအထားမှာ နိုင်ငံတကာအချို့ သုံးသပ်တာက တော်လှန်တိုက်ခိုက်နေတဲ့ အင်အားစုတွေကြား၊ တိုင်းရင်းသားတွေကြားမှာ အားလုံးလက်ခံထားတဲ့ သဘောတူညီချက် မရှိသေးဘူး။ တကယ်လို့ စစ်တပ်ပြိုကွဲရင်တောင်မှ တိုင်းပြည်က မတည်မငြိမ်နဲ့ ပြိုလဲနိုင်တဲ့အနေအထားမျိုးဆိုတဲ့ သုံးသပ်ချက်တွေ ရှိနေပါတယ်။ အဲ့ဒီအပေါ်ကို ဦးအောင်မိုးဇော် အနေနဲ့ ဘာများပြောလိုလဲဗျ။**

**ဖြေ။** ။ ကနေ့ တော်လှန်ရေးလုပ်နေတဲ့ ကျနော်တို့အင်အားစုတွေက ကလေးတွေမဟုတ်ပါဘူး။ လူမျိုးစုတွေ လက်နက်ကိုင်အဖွဲ့အစည်းတွေ ဆိုလို့ရှိရင်လည်း နှစ် ၇၀ လောက်၊ နှစ် ၈၀ လောက် ရှိပြီ။ အဲ့လိုပဲ ကနေ့ လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနေတဲ့ PDF တွေပဲဖြစ်ဖြစ်၊ local PDF တွေပဲ ဖြစ်ဖြစ်၊ သူ့ဒေသ၊ သူ့ဒေသတွေမှာ တစုံတရာ နိုင်ငံရေးအရရှေ့ရောက်တဲ့ ပုဂ္ဂိုလ်တွေချည်းပဲ ဖြစ်တယ်။ အဲ့လောက် ညံ့တဲ့သူတွေ မပါဘူး။ ကနေ့ကာလမှာလည်း ကျနော်တို့အချင်းချင်းမှာရှိတဲ့ နားလည်မှု၊ ကျနော်တို့အချင်းချင်းကြားမှာရှိတဲ့ ဆွေးနွေးညှိနှိုင်းထားမှုတွေ အများကြီးပဲ။ ရှေ့ကို ရောက်နေပြီ။ ကျိန်းသေ တာကတော့ အခု တော်လှန်ရေးလုပ်နေတဲ့သူတွေက ဒီတိုင်းပြည်ကို ဘယ်လို တည်ဆောက်မလဲဆိုတာ

အခုကတည်းက ပြင်ဆင်နေကြတဲ့ သူတွေချည်းပဲ။ ကရင်နီဆို သူ့ပြည်နယ်ကို သူ့ဘာသာသူ အုပ်ချုပ်နေနိုင်ပြီ။ ဒီလိုပဲ ကရင်လည်း သူ့ဒေသကို သူ့ဘာသာသူ အုပ်ချုပ်နေနိုင်တဲ့ အနေအထားရှိတယ်။ ကချင်လည်း ဒီအတိုင်းပဲ။ ထိုနည်းတူစွာပဲ သူတို့နဲ့ဆက်စပ်နေတဲ့ PDF တွေလို အင်အားစုတွေ၊ NLD ခေါင်းဆောင်တွေကလည်း နိုင်ငံရေးအရ တစုံတရာရှိတဲ့သူတွေချည်းပဲ ဖြစ်တယ်။ ဘာဦးနှောက်မှမရှိဘဲနဲ့ လက်နက်ကိုင်နေတဲ့သူတွေ မဟုတ်ဘူး။ အဲ့တော့ ဒီအင်အားစုတွေက ဒီတိုင်းပြည်ကို ထိန်းထိန်းသိမ်းသိမ်း သယ်ဆောင်သွားနိုင်လိမ့်လို့ ခိုင်ခိုင်မာမာယုံကြည်တယ်။

**မေး။ ။ အဲ့ဒီမှာ နွေဦးတော်လှန်ရေး အင်အားစုတွေနဲ့ တည်ဆောက်ထားတဲ့ တပ်ပေါင်းစု အသွင်ဆောင်တဲ့ NUCC ပေါ့နော်။ NUCC မှာဆိုရင် road map လည်းရှိတယ်။ charter အရ သွားနေတယ်။ အဲ့ဒီမှာ ဆိုရင် စစ်အုပ်စုပြိုတာနဲ့ အသွင်ကူးပြောင်းရေးကာလအခြေခံဥပဒေ ပေါ်လာမယ်။ အသွင်ကူးပြောင်းရေးကာလ အစိုးရပေါ်လာမယ်။ စစ်ရေးအရ၊ နိုင်ငံရေးအရ အသာရနေတယ်လို့ ဦးအောင်မိုးဇော်တို့ ပြောနေတဲ့ အနေအထားမှာ အသွင်ကူးပြောင်းရေးကာလအစိုးရနဲ့ ခြေဥတို့က အခုအခြေအနေမှာ အဆင်သင့်ဖြစ်ဖို့ လိုအပ်နေပြီလို့ပြောရင် မှန်နိုင်မလားခင်ဗျ။**

**ဖြေ။ ။** အခြေခံကတော့ လိုအပ်နေပြီ။ သို့သော်လည်း ကျနော်တို့အချင်းချင်းကြားမှာ နိုင်ငံရေးကိစ္စဆိုတာ ပြောရဆိုရ၊ ဆွေးနွေးရတယ်။ တခါတလေ လပေါင်းများစွာ ကြာချင်ကြာမယ်။ တခါတလေ နှစ်နဲ့ချီ ကြာချင်ကြာမယ်။ ဒီလိုပဲ ကျနော်တို့ ဆွေးနွေးညှိနှိုင်းပြီးတော့ သွားကြရတာ ဖြစ်တယ်။ ဒီအခြေအနေကို အားလုံးသိတယ်။ ကျနော်တော့ အဲ့လို ပြောချင်ပါတယ်။

**မေး။ ။ နောက်ဆုံးအနေနဲ့ ဦးအောင်မိုးဇော် အနေနဲ့ လက်ရှိ ပိုမိုရှုပ်ထွေးပြင်းထန်လာနေတဲ့၊ မြန်မာ့ပဋိပက္ခ အပေါ်မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ အကဲဖြတ်ချက်နဲ့ ဘာကို လတ်တလော အရေးတကြီး ဆောင်ရွက်ဖို့လိုမယ်ဆိုတာ နောက်ဆုံးအနေနဲ့ ပြောကြားပေးပါခင်ဗျာ။**

**ဖြေ။ ။** လက်တွေ့ကတော့ ကျနော်တို့ နိုင်ငံရေးအင်အားစုတွေ အချင်းချင်းကြားမှာ၊ လက်တွေ့မြေပြင်မှာ တိုက်ပွဲဝင်နေတဲ့ PDF တွေ၊ local PDF တွေအကြားမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ဖို့က အဓိက အခြေခံအကျဆုံးပဲ။ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ဖို့၊ ဆွေးနွေးတိုင်ပင်ဖို့၊ အချင်းချင်း အတူတူ အလုပ်လုပ်ကြဖို့ အဲ့ဒီကိစ္စက အရေးအကြီးဆုံးပဲလို့ထင်တယ်။ အဲ့ဒီကိစ္စပေါ်မှာ အသေအချာ အာရုံစိုက်ပြီးတော့ ဖိတွန်းမယ်ဆိုလို့ရှိရင် ဒီကောင်တွေကို မကြာမီ ဆက်ပြီးတော့ ဆက်တိုက်ကိုတွန်းချနိုင်မှာ ဖြစ်တယ်လို့ ယုံကြည်တယ်။




# အမျိုးသားသွေးစည်းညီညွတ်မှုကိုတိုက်ပွဲလက်တွေဖြင့် အခိုင်အမာတည်ဆောက်ကြစို့

ရဲဘော် ထွန်းမောင်

ဗမာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်မှ လွတ်မြောက်ပြီး တိုင်းရင်းသားလူမျိုးအသီးသီး အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် ယနေ့ကာလသည် စစ်အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြုတ်ချေမှုန်းပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်နိုင်ရေးအတွက် ဗမာလူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအသီးသီးက လက်နက်စွဲကိုင် တိုက်ခိုက်နေသည့် တော်လှန်ရေးအရှိန်အဟုန် အမြင့်ဆုံးအချိန် ဖြစ်သည်။

စစ်အုပ်စုနှင့် ဘဝအရ ဆန့်ကျင်ဘက်ဖြစ်နေသည့် အင်အားစုအားလုံးသည် စစ်အာဏာရှင်စနစ်ကို မလိုလား၊ လက်မခံဘဲ ဆန့်ကျင်ကြ၊ တော်လှန်တိုက်ခိုက်ကြသည်။ ဒါသည်ပင် ဗမာပြည်၏ နိုင်ငံရေး ပဋိပက္ခများအနက် အဓိကကျသည့် ပဋိပက္ခဖြစ်သည်။ အဖိနှိပ်ခံဘဝချင်းတူသော်ငြား လက္ခဏာ၊ အခြေအနေ၊ အနေအထား၊ ပြောဆိုသည့်ဘာသာစကား၊ ဓလေ့၊ အကျင့်စရိုက် ကွဲပြားကြသည်ကြောင့် အမြင်အယူအဆ တထပ်တည်းမကျဘဲ ကွဲပြားတတ်သည်။ သို့ကြောင့်ပင် အဖိနှိပ်ခံအချင်းချင်း၌လည်း ပဋိပက္ခ ရှိတတ်သည်။ ယင်းပဋိပက္ခကို ဖိနှိပ်သူစစ်အုပ်စုက ချက်ကောင်းယူပြီး အဖိနှိပ်ခံများ အကွဲကွဲ

အပြားပြား ဖြစ်အောင်လုပ်ကာ ချေမှုန်းလေ့ရှိသည်ကို အမြဲတမ်းတွေ့ရသည်။

တိုင်းပြည်လွတ်လပ်ရေးရယူခဲ့သည့် ၁၉၄၈ – ၄၉ ခုနှစ်ကာလပိုင်းမှ ယနေ့ NCA ပိုင်းခြားထိတိုင် အဆက်ဆက်သော စစ်အုပ်စုတို့က ကမကထပြုလုပ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည်ပင် နိုင်ငံရေးအရ ဖြေရှင်းရန် ရည်ရွယ်ရင်းကား မဟုတ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားညီညွတ်ရေးတို့အတွက် မဟုတ်။ လက်နက်ကိုင်တော်လှန်နေသည့် အဖွဲ့အစည်းများ၊ ဒီမိုကရေစီအင်အားစုများကို နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ စစ်ရေးအရ သွေးကွဲဖြိုခွဲရန်နှင့် လိမ်ညာလှည့်ဖျားရန် သက်သက်ဖြစ်ပြီး နည်းပရိယာယ်တခုအဖြစ် လူမျိုးစုံပြည်သူတရပ်လုံးအပေါ် ဆက်လက်ဖိနှိပ် ကျွန်ပြုနိုင်ရေး အဓိကရည်ရွယ်ရင်း ဖြစ်သည်ကို သမိုင်းအတွေ့အကြုံအရ သိမြင်နားလည်ခဲ့ရပြီးဖြစ်သည်။ အချို့အဖွဲ့အစည်းများသည် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း၌ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ သင်းကွပ်ခံရပြီး လုံးပါးပါးသွားခဲ့ကြသည်။ အာဏာရှင်စနစ် မချုပ်ငြိမ်းသရွေ့ ဤနှယ် အဖြစ်အပျက်များ ဆုံးခန်းတိုင်မည် မဟုတ်သကဲ့သို့ တော်လှန်တိုက်ပွဲများသည်လည်း တရံမလပ် ဆက်လက်ဖြစ်ပွားနေဦးမည် ဖြစ်သည်။

စစ်အစိုးရအဆက်ဆက် ပြည်ထောင်စုမပြိုကွဲရေးဆိုသည့် အကြောင်းပြချက်နှင့် လူထုကို ခြိမ်းခြောက် အကြောက်တရား ရိုက်သွင်းပြီး မြန်မာ့နိုင်ငံရေးတွင် ပါဝင်ပတ်သက်လာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်သည်။ တိုင်းပြည်ကို DIVIDE AND RULE POLICY နှင့် ရန်သူက သွေးခွဲအုပ်ချုပ်လာခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်သည်။ လူမျိုးရေးအရ၊ ဘာသာရေးအရ အမျိုးမျိုးကွဲပြား ရှုပ်ထွေးခဲ့ရသည် ဖြစ်သော်လည်း ယခု နွေဦးပြည်သူ့တော်လှန်ရေးကြောင့်ပင် တိုင်းရင်းသားပြည်သူများ အားလုံးအကြား တိုက်ပွဲလက်တွေ့အရ သိမြင်နားလည်ကာ ညီညွတ်စည်းရုံးလာကြသည်။ အထင်ရှားဆုံး သာဓကအားဖြင့် မြောက်ပိုင်းမဟာမိတ်ညီနောင် ၃ ဖွဲ့ဖြစ်သည့် ကိုးကန့်၊ တအာင်း နှင့် ရက္ခိုင်တပ်တော်တို့၏ ၁၀၂၇ စစ်ဆင်ရေးနှင့် ရှမ်းမန်းစစ်ဆင်ရေး၏ ရလဒ်အကျိုးဆက်များက အထင်ကရ သက်သေပြနေသည်။ အတိုတုတ်ဆုံးပြောရလျှင် ၁၀၂၇ စစ်ဆင်ရေး၏ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့၏ ကြောက်ခမန်းလိလိ အောင်ပွဲများသည် သွေးစည်းညီညွတ်ခြင်းပြယုဂ်ဖြစ်သည်။ ယင်း မြောက်ပိုင်းညီနောင်သုံးဖွဲ့၏ ရည်မှန်းချက်သည် စစ်အာဏာရှင်စနစ် အကုန်အစင်တိုက်ဖျက်ရေးနှင့် ပြည်သူ့အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးဖြစ်သည်ဟု နွေဦးအစောပိုင်း အစကနဦးကတည်းကပင် ထုတ်ဖော်ကြေညာထားပြီးဖြစ်သည်။ ERO များ အနေနှင့်လည်း နောက်ခံသမိုင်းကြောင်း၊ လျှောက်လှမ်းလာသည့် လမ်းကြောင်းများ အသီးသီး ကွဲပြားနေသည် မှန်သော်လည်း ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ကြရန် တူညီသော ရည်မှန်းချက်အသီးသီး ရှိကြသည်။

ရန်သူစစ်အုပ်စုအဆက်ဆက်၏ ကြောက်ဒူးအတုန်ဆုံး၊ အစိုးရိမ်ဆုံးသည်လည်း ဗမာပြည်ရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံး တိုက်ပွဲလက်တွေ့အရ သွေးစည်းညီညွတ်ပြီး ဆုံမှတ်အဖြစ် တသံတည်း ဖြစ်သွားမည့် အရေးပင်ဖြစ်သည်။ လက်ရှိ သွေးစည်းညီညွတ်သော လှုပ်ရှားမှုတိုက်ပွဲများ၏ အောင်သီးအောင်ပွင့်များက စစ်အုပ်စုအတွက် အသက်ရှူတန့် သွေးခြောက်ခြားဖွယ် ဖုတ်သွင်းရထားဆိုက်သံ ဖြစ်လာနေသည် မဟုတ်တုံလော။

သို့ကြောင့်ပင် စစ်အုပ်စုအဆက်ဆက် သွေးခွဲအုပ်ချုပ်ရေးပေါ်လစီကို အာသာငန်းတက် တစိုက်မတ်

ကိုင်စွဲကျင့်သုံးခဲ့ကြခြင်းဖြစ်ကာ လူမျိုးတမျိုးနှင့်တမျိုး၊ အုပ်စုတစုနှင့်တစုအကြား၊ လူများစုနှင့် လူနည်းစု စသည်ဖြင့် အမျိုးမျိုး ကွဲပြားရှုပ်ထွေးမှု ဖြစ်နေစေရန် တရစပ် မြှောက်ထိုးပင့်ကော်ပြု မီးမွှေးပေးနေခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဖက်ဆစ်စစ်ဗျူရိုကရက်စစ်အုပ်စု၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် စပ်လျဉ်းသည့် ဝါဒဖြန့်ချိရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးအပေါ် စိပ်ဖြာကြည့်ခြင်းအားဖြင့် ပိုသိမြင်နိုင်မည် ဖြစ်သည်။ စစ်အုပ်စုအဆက်ဆက်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး စသည်ဖြင့် မပြတ် ဟစ်ကြွေးနေသော်လည်း လက်တွေ့လုပ်ရပ်များက ဗီလာဆန့်ကျင် ဖြစ်သည်။ စစ်အုပ်စု၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုသည်မှာ စာစကားအရသာဖြစ်၍ အမှန်တကယ် စည်းလုံးညီညွတ်စေလိုသည် မဟုတ်။ သာဓကအချို့ကို ဆွဲထုတ်ပြပါအံ့။

**ပြယုဂ် ၁။** ကရင်အမျိုးသားအစည်းအရုံး(KNU) အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလာဖန်းသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်၌ လုပ်ကြံခံရသည်။

**၂။** နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးကို လက်မခံသည့် ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်၏ နယ်မြေကို ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် စစ်အုပ်စု နအဖတပ်များက ထိုးစစ်ဆင် သိမ်းယူလိုက်သည်။

**၃။** အထူးဒေသ(၄) အပစ်ရပ် မိုင်းလားအဖွဲ့(ခေါ်)အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (NDAA-ESS) တပ်ဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ်သည် ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့၌ လုပ်ကြံခံရသည်။ နောက်ကွယ်၌ စစ်အုပ်စုလက်မည်းကြီး ရှိနေသည်။

သို့တင်မက ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဒေါက်တာခလမ်ဆမ်ဆွန်ကို အကြမ်းဖက် ဥပဒေပုဒ်မ ၅၂(က) နှင့် ၂၀၂၃ ဖေဖော်ဝါရီ ၁၄ ရက်နေ့ရုံးချိန်း၌ ပုဒ်မတိုး တရားစွဲဆို လိုက်သည်။ ယခင်က မတရားအသင်းနှင့် ဆက်သွယ်မှုရှိသည်ဆိုသော အကြောင်းပြချက်ဖြင့် ၁၇/၁၊ အာရနိုင်ငံတွင်းက လူငယ်ဆွေးနွေးပွဲတခုတွင် ခရစ်တော်၌ နိုင်ငံတော်ကို တည်ထောင်ကြစို့ဆိုသော ခေါင်းစဉ်ဖြင့် ဝေမျှနေချိန် နိုင်ငံတော်အကြည်ညိုပျက်စေသည့် စကားလုံးအသုံးအနှုန်းများ တွေ့သည်ဆိုပြီး ပုဒ်မ ၅၀၅(က)နှင့် တရားစွဲဆိုထားခြင်းဖြစ်သည်။ ဆိုလျှင် ကချင်လူထုအပေါ် ဩဇာကြီးသည့် ကချင် အမျိုးသား ဒေါက်တာခလမ်ဆမ်ဆွန်သည် ၁၇/၁၊ ၅၀၅(က)၊ ၅၂(က) အစရှိသည့် ပုဒ်မ ၃ ခုဖြင့် စစ်ကောင်စီ၏ မတရားဖမ်းဆီးမှုကို ခံနေခဲ့ရခြင်းဖြစ်သည်။ ယခု ၂၀၂၄ ခုနှစ် မကြာသေးသည့် လပိုင်း အတွင်းကမှ ပြန်လည်လွတ်မြောက်လာခဲ့သည်။

ဤအခြေအနေကို ကြည့်လျှင် စစ်အုပ်စုအဆက်ဆက်၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုသည်မှာ ဗမာပြည်တနံတလျား မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအား သတ်ဖြတ် ဖမ်းဆီး ချုပ်ချယ်နှိပ်ကွပ်ရေး ဖြစ်နေသည်ကို ပေါ်လွင်ထင်ရှားစွာ မြင်တွေ့ရသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဟု မည်သို့ အသံကောင်းဟစ် ကြွေးကြော်နေသော်လည်း စစ်အုပ်စုကိုယ်တိုင်က တိုင်းပြည်ပြိုကွဲအောင်၊ အမျိုးသားသွေးစည်းညီညွတ်မှု ပျက်ပြားအောင် ရည်ရွယ်ချက် ရှိရှိ အစဉ်တစိုက် ကျူးလွန်လုပ်ဆောင်နေသည်ကို ငြင်းပယ်၍ မရနိုင်ပေ။ အခြားသော ဖြစ်ရပ်များလည်း ကျန်ရှိနိုင်သေးပါသည်။

တိုင်းရင်းသားလူမျိုးအုပ်စုများနှင့် ပတ်သက်၍ အဆက်ဆက်သော စစ်အုပ်စု၏ လုပ်ရပ်များကို ကြည့်လျှင် ဖက်ဆစ်ဝါဒီများအတိုင်း ကြမ်းကြုတ်ရိုင်းစိုင်းစွာ တရစပ်ပြုမူကျင့်သုံးသည်ကို သမိုင်းဖြတ်သန်းမှု

အတွေ့အကြုံအရ အထူးပြောစရာမလိုပေ။ လက်ရှိ အကြမ်းဖက်စစ်ခေါင်းဆောင်၏ တိုင်းရင်းသားလူမျိုးအုပ်စုများအပေါ် ထားရှိသည့် အခြေခံသဘောထားသည်လည်း သည်ပုပ်ထဲမှသည်ပဲ အမျိုးအစားသာဖြစ်သဖြင့် ထူးထွေကွဲပြားစရာ အကြောင်းမမြင်မိပေ။ အတင်းအကျပ် ကိုလိုနီလက်အောက်ခံ ပြုနိုင်ဖို့ရာနည်းမျိုးစုံနှင့် မီးစတဖက်ရေမှုတ်တဖက် ပေါ်လစီကို တလျှောက်လုံး ကိုင်စွဲကျင့်သုံးလာခဲ့သည်က စစ်အာဏာရှင်စနစ် သက်ဆိုးရှည်တည်တံ့ရေး အဓိကဖြစ်သည်။

ယနေ့ အဖိနှိပ်ခံအင်အားစုအားလုံး၏ ဦးတည်ပန်းတိုင်သည် စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး ရရှိရေး၊ တန်းတူရေးနှင့် စည်းလုံးညီညွတ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး ဖြစ်သည်။ စစ်အာဏာရှင်စနစ်ကို မဖျက်သိမ်းနိုင်လျှင် ဒီမိုကရေစီအခွင့်အရေးနှင့် ငြိမ်းချမ်းရေး မရနိုင်ကြောင်း၊ တန်းတူရေးနှင့် စည်းလုံးညီညွတ်စွာ ကိုယ့်ကြမ္မာ ကိုယ်မဖန်တီးနိုင်ကြောင်း၊ စစ်မှန်ကြံ့ခိုင်သော ပြည်ထောင်စုကို မထူထောင်နိုင်ကြောင်းကို ပြည်တွင်းစစ် နှစ် ၇၀ ကျော်သမိုင်းက သက်သေထူခဲ့ပြီးဖြစ်သည်။ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ချုပ်မှသာ ဒီမိုကရေစီအခွင့်အလမ်းများ ပြန်လည်ထွန်းကားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံတဝှမ်း ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။ တိုင်းရင်းသား ပြည်သူအချင်းချင်း အတူယှဉ်တွဲပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ် အားကောင်းရှင်သန်လာအောင် တည်ဆောက်ရန် လိုအပ်လှပေသည်။ သို့မှသာ နိုင်ငံသားတိုင်း လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ သွားလာခွင့်၊ လွတ်လပ်စွာပညာသင်ကြားခွင့် စသည့် ဒီမိုကရေစီအခွင့်အရေးများ ရရှိခံစားနိုင်မည် ဖြစ်သည်။

သို့အတွက်ကြောင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် အင်အားစုများသည် ဒီမိုကရေစီလည်းရှိ၊ တန်းတူရည်တူလည်း ရှိ၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်လည်း ရှိ၊ အားလုံးနှင့် စည်းလုံးညီညွတ်သော အခြေအနေလည်းရှိသည့် ညီညွတ်ရေးတပ်ပေါင်းစုတရပ်ကို တည်ဆောက်သင့်လှပေသည်။ ဤသို့ တပ်ပေါင်းစုမျိုးဖြင့်သာ စစ်အာဏာရှင်စနစ် အကုန်အစင်တိုက်ဖျက်ရေးတွင် လူမျိုးပေါင်းစုံပြည်သူတရပ်လုံး တခဲနက်ပါဝင်လာစေမည့် စည်းရုံးနိုင်စွမ်းရှိမည် ဖြစ်သည်။ သို့တင်မက အကယ်၍ လူထုအုံကြွမှုကြီး ဖြစ်ပေါ်ပေါက်ကွဲလာခဲ့လျှင်လည်း ယင်းသို့သော တပ်ပေါင်းစုက မှန်ကန်သောလမ်းကြောင်းနှင့် လူထုကြီးကို အတူတကွ အောင်ပွဲပန်းတိုင်ရောက်သည်အထိ ရှေ့ဆောင်သွားနိုင်မည် ဖြစ်ပေသည်။

စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်သည့် တိုက်ပွဲသည် ခက်ခဲသည်။ အောင်ပွဲရခါနီးလေ အခက်အခဲကြီးလေဖြစ်၏။ စစ်တပ်သည် ၂၀၁၆ ခန့်အထိ မြောက်ပိုင်းသုံးဖွဲ့ လက်နက်စွန့်ရမည်ဟု မောက်မာခဲ့သည့်အခြေအနေမှ ယနေ့ကာလတွင် နယ်မြေ၊ တပ်ဖွဲ့အများအပြား ဆုံးရှုံးသွားခဲ့ပြီး ဆုံးရှုံးသွားသည့် နေရာများ ပြန်တိုက်ယူရမည်ဟု ဆိုက်ဝါးစစ်ဆင်ရေး ဆိုနေရသည့်ဘဝသို့ ရောက်သွားပြီ ဖြစ်သည်။ ယခင်က စစ်တပ်ကပင် နောက်ဆုံးနိုင်မှာပါဟု မှတ်ယူထားကြသည့် ခေတ်အဆက်ဆက် နိုင်ငံရေးဇာတ်ပျက်များသည်လည်း ယခုအခါ မြန်မာစစ်တပ် ပြိုကွဲနိုင်သည်၊ စစ်တပ်ပြိုကွဲပါက တိုင်းပြည် ပြိုကွဲနိုင်သည်ဟု ဆိုနေဖကြပြန်သည်။ စစ်တပ်ကို ကိုယ်ကျိုးစီးပွားပေါ် အခြေပြု၍ အသက်ဆက်ပေးရန် ကြံစည်လာကြသည်ကို တွေ့နေရသည်။

သို့ရာတွင် မြန်မာပြည် တိုင်းရင်းသားလူမျိုးစုံပြည်သူများ၏ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ တပြည်ထောင်စနစ် ဆန့်ကျင်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ကို မည်သူတဦးတယောက်ကမှ၊ မည်သို့သောအကြောင်းချင်းရာကမှ တားဆီး၍ရနိုင်မည်မဟုတ်ပေ။ မိမိထက်

အင်အားကြီးမားသည့် အင်္ဂလိပ်နှင့် ဂျပန်တို့ကို ခေါင်းငုံ့မခံဘဲ တော်လှန်ခဲ့ကြသော မြန်မာပြည်တိုင်းရင်းသား လူမျိုးပေါင်းစုံပြည်သူများသည် ရက်ခိုင့်တပ်တော်၏ ရက်ခိုင်ဗိုလ်ချုပ်ပြောသကဲ့သို့ အင်္ဂါဂြိုလ်က လာရောက်ပြီး ဗိုလ်ကျစိုးမိုးရေးဝါဒ ကျင့်သုံးပါကလည်း ခေါင်းငုံ့ခံကြလိမ့်မည်မဟုတ်ပေ။

ထို့ကြောင့် ဗမာပြည် လူမှုအဖွဲ့အစည်းတခုလုံး၏ ဘဝလွတ်မြောက်ရေးအတွက် တခုတည်းသော ထွက်ပေါက်ရာလမ်းသည် စစ်သုံးစစ် အပြီးတိုင်ဖျက်သိမ်းရေး၊ စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်း ပစ်ရေးမှလွဲ၍ အခြားလမ်းမရှိနိုင်ပေ။ ဤတော်လှန်ရေးလမ်းကြောင်းမှသာလျှင် စစ်လက်ဝါးကြီးအုပ် ဗျူရိုကရက်တအုပ်လုံး တစုံလုံး၏ နှစ်ပေါင်းရာချီနီးနီး ဂုတ်သွေးဖောက်စုပ် နှိပ်စက်ဝါးမြိုလာခဲ့သည့် လူ့ဘောင်အဟောင်းကို ရိုက်ချိုးဖျက်ဆီး မြေမြှုပ်သင်္ဂြိုဟ်ပစ်ပြီး သစ်လွင်တောက်ပသော ဗမာပြည်သစ် လူ့ဘောင်အသစ်ကို အမှန်တကယ်တည်ဆောက်နိုင်မည် ဖြစ်ပေသည်။

ရဲဘော်ထွန်းမောင်

## ရန်ကုန်သပိတ်အင်အားစုများက အထွေထွေအကျပ်အတည်းဖြေရှင်းရေး၊ မတရားစစ်မှုထမ်းဥပဒေဖျက်သိမ်းရေးနှင့် စစ်အာဏာရှင်စနစ် ( စစ်သုံးစစ် ) အမြစ်ဖြတ်ရေး လူထုလှုပ်ရှားမှုပြုလုပ်

စက်တင်ဘာလ (၉) ရက်နေ့ နံနက်ပိုင်းတွင် ပြည်သူလူထုတရပ်လုံး တွေ့ကြုံခံစားနေရတဲ့ အထွေထွေ အကျပ်အတည်း ဖြေရှင်းရေး၊ မတရားစစ်မှုထမ်းဥပဒေ ဖျက်သိမ်းရေးနှင့် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်) အမြစ်ဖြတ်ရေးဆိုင်ရာ လှုံ့ဆော်လှုပ်ရှားမှုတရပ်ကို ရန်ကုန်မြို့ရှိ ဈေးတနေရာတွင်ပြုလုပ်ခဲ့ပြီး ပြည်သူ လူထုတရပ်လုံးအနေနဲ့ လက်ရှိအကျပ်အတည်းမှ လွတ်မြောက်ရန် လူထုတိုက်ပွဲဆင်နွှဲကြဖို့ လှုံ့ဆော်ခဲ့ ကြောင်း သိရှိရပါတယ်။



# ဝါးလုံးရှည်နဲ့ပတ်မရမ်းမိကြဖို့



ရဲဘော်မစ်ရှော

ဗမာပြည်က နိုင်ငံရေးလုပ်နေသူတွေကြားထဲ မကြာခဏဆိုသလို ကြားရလေ့ရှိတဲ့ အသံတချို့ ရှိတယ်။ အဲ့ဒါကတော့ ''ငါတို့ကတော့ နိုင်ငံရေးသမားမဟုတ်ဘူး။ နိုင်ငံရေးသမား မဖြစ်ချင်ဘူး'' နိုင်ငံရေးသမားတွေက အချောင်ခိုနေကြတယ်။ နိုင်ငံရေးသမားတွေ မကောင်းဘူး စသဖြင့် အတင်းငြင်းဆိုကြတာ ပြောကြ၊ ဆိုကြတာကို မျက်မြင်ကိုယ်တွေ့ ကြားရ၊ တွေ့ရဖူးတယ်။ သူတို့ ဘယ်လိုအဓိပ္ပါယ် နားလည်ချက် ခံယူချက်နဲ့ပြောသလဲတော့ မသိပါ။ အသေးစိတ် ရှင်းလင်းဖော်ပြမှုမရှိတာ၊ ယေဘုယျဆန်ဆန် ပြောဆိုတာတွေအပေါ် ကျနော့်စိတ်ထဲမှာ ခံစားချက်အရ ခုလုခုလုဖြစ်တာအမှန်ပါပဲ။ ဒါပေမဲ့လည်း ဒါက သူတို့အခွင့်အရေးပါ။ သူတို့ကိုယ်တိုင် ဘယ်လိုခံယူလဲ။ သူတို့ခံယူတဲ့အတိုင်း လုပ်ခွင့်ရှိပါတယ်၊ ပြောခွင့်ရှိပါတယ်။ ဒါပေမဲ့ နိုင်ငံရေးပေါ်မှာ လေ့လာထိစမ်းကြတဲ့ လူငယ်မျိုးဆက်တွေကို ပြန်ပြောင်းပြောဆိုကြတဲ့အခါ ပြဿနာအရင်းအမြစ်ကို သေချာရှင်းလင်းမတင်ပြဘဲ နိုင်ငံရေးသမားတွေဆိုတာ အခွင့်ထူးခံတွေ၊ ညစ်ပတ်တဲ့သူတွေ၊ အချောင်သမားတွေ စတဲ့ ပြောဆိုချက်တွေအထိ ဝါးလုံးရှည်နဲ့ ပတ်ရမ်းတာမျိုးအထိတော့ အတော်ကို မသင့်တော်တဲ့ ကိစ္စပါ။ ဒီထက်ပိုဆိုးတာက ဒီလူငယ်တွေကို နိုင်ငံရေးမျိုးဆက်ခွဲပြစ်တာ၊ နိုင်ငံရေးသမားမဖြစ်အောင် နိုင်ငံရေးသားလျှော့အောင် လုပ်ပြစ်တာတွေအထိ သက်ရောက်လာစေတာမျိုးဆိုရင်တော့ အတော့်ကိုဆိုးဝါးလွန်းပါတယ်။

အရာရာတိုင်းမှာ အကောင်းနဲ့အဆိုးဆိုတာ ရှိပါတယ်။ ကောင်းတာတွေလိုချင်ရင် အကောင်းတွေများလာအောင်၊ အဆိုးတွေနည်းသွားအောင် ကြိုးပမ်းကြရတာချည်းပါပဲ။ ဒါကြောင့် ဘယ်ဟာကတော့ ကောင်းတယ်၊ ဘယ်လိုဆိုရင်တော့ ဆိုးတယ် ဆိုပြီး ခွဲခြားပြောရမှာပါ။ ကျနော့်တဦးချင်းအရမှာတော့ ကိုယ့်ကိုယ်ကိုလည်း နိုင်ငံရေးသမားအဖြစ် ခံယူလုံးပမ်းသလို နိုင်ငံရေးကို ထိစမ်းလေ့လာဖို့ ကြိုးစားသူတိုင်းကိုလည်း ကြုံရင်ကြုံသလို နိုင်ငံရေးလုပ်ဖို့ နိုင်ငံရေးသမားအဖြစ် လျှောက်လှမ်းဖို့ အမြဲတိုက်တွန်းအကြံပြုပါတယ်။ ဘယ်လို အတွေးအခေါ် ရှုမြင်မှု၊ ဘယ်ရည်မှန်းချက်နဲ့ လုပ်ဆောင်မလဲ ဆိုတာကတော့ သူတို့ရဲ့ ဘဝအသိ၊ လက်တွေ့အသိပါ ကျနော် ပြဋ္ဌာန်းပေးလို့မရပါ၊ အကြံပေးလို့ပဲ ရပါတယ်။

ကျနော့်နားလည်မှုအရကတော့ နိုင်ငံရေးသမားဆိုတာလည်း လူ့အဖွဲ့အစည်းဝင်တွေ ဖြစ်တဲ့ အလျောက် ဘက်ရပ်မှုရှိပါတယ်။ ဒါကြောင့် ဖိနှိပ်အုပ်စိုးသူဘက်ရပ်တဲ့ နိုင်ငံရေးသမားလုပ်မလား၊ ပြည်သူ့ ဘက်ရပ်တဲ့ နိုင်ငံရေးသမားလုပ်မလား။ ဘယ်ဘက်ကိုရပ်တည်တဲ့ နိုင်ငံရေးသမားလဲ စတဲ့ ဘက်ရပ်မှု ပိုင်းဖြတ်ချက် လုပ်ကြရတာပါပဲ။ တချို့တလေကတော့ ပြည်သူဘက်ရပ်တဲ့ နိုင်ငံရေးသမားပါလို့ အာပေါင် အာရင်းသန်သန်ပြောပေမယ့် လက်တွေ့အရကျတော့ ဖိနှိပ်အုပ်စိုးသူဘက် ရပ်တာတွေလည်း ခေတ်အဆက် ဆက် ရှိခဲ့ကြတာပါပဲ။ လက်တွေ့ကပဲ ဘက်ရပ်မှု မှန်၊ မမှန် ပိုင်းဖြတ်ပေးမှာပါ။ ဗမာပြည် လက်တွေ့အရက တော့ ရှင်းပါတယ်။ စစ်အုပ်စုဘက်ရပ်မလား၊ လူမျိုးစုံပြည်သူဘက် ရပ်မလား ဆိုတာပါပဲ။ ဗမာပြည်မှာတော့ အုပ်စိုးသူအဆက်ဆက် အထူးသဖြင့် စစ်အုပ်စုဟာ အစစ်အမှန်ပြည်သူဘက်ရပ်တည်တဲ့ ဘယ်နိုင်ငံရေး သမားကိုမှ နိုင်ငံရေးအရ ရှင်သန်ခွင့်မပေးခဲ့ပါ။ သူတို့အတွက် အကျိုးဖြစ်စေမယ့် နိုင်ငံရေးနဲ့ သူတို့ဘက် ရပ်တည်တဲ့ နိုင်ငံရေးသမားဆိုသည်များကိုသာ လက်ခံတာပါ။ ဒါပေမဲ့ အစစ်အမှန် ပြည်သူ့ဘက်ရပ်တည်တဲ့ နိုင်ငံရေးသမားတိုင်းကလည်း နိုင်ငံရေးခံယူချက် တနည်းအားဖြင့် နိုင်ငံရေးမာန ရှိပါတယ်။ ဘယ်လိုနိုင်ငံရေး မာနလဲဆိုတော့ စစ်အုပ်စုရှင်သန်ခွင့်ပေးမှ နိုင်ငံရေးလုပ်နိုင်တဲ့သူ လုပ်မယ့်သူတွေမဟုတ်ဘူးဆိုတဲ့ မာန ပါပဲ။ ဒါကြောင့်လည်း စစ်အာဏာရှင်တွေရဲ့လက်အောက်မှာ တောနဲ့ထောင်ဆိုတာ ပြည်သူ့ဘက်ရပ်တည် တဲ့ နိုင်ငံရေးသမားတွေအတွက် နိုင်ငံရေးမာနကိုလွှင့်ထူရာနေရာတွေ ဖြစ်ခဲ့တာဖြစ်နေတာပါ။ သမိုင်း တလျှောက်မှာ ဒီလို နိုင်ငံရေးပေါ်မှာ ခံယူချက်ပြင်းပြတဲ့ နိုင်ငံရေးသမားတွေ ဒုနဲ့ဒေးရှိတယ်ဆိုတာ မမေ့ဖို့ လိုပါတယ်။

နိုင်ငံရေးသမားဆိုသည်များမှာလည်း အဲ့သလို စစ်မှန်တဲ့၊ ပြည်သူ့ဘက်ရပ်တည်တဲ့ နိုင်ငံရေး သမားများ ရှိသလို နိုင်ငံရေးလုပ်စားသူ အချောင်သမားများလည်း ရှိတာအမှန်ပါ။ စစ်မှန်တဲ့ ပြည်သူ့ဘက် ရပ်တည်တဲ့ နိုင်ငံရေးသမားတွေဟာ စစ်အုပ်စုရဲ့ နိုင်ငံရေးအရ ဖိနှိပ်မှုဒဏ်ကို အလူးအလဲ ခံရပါတယ်။ ကောင်းမွန်တဲ့ နိုင်ငံရေးဝန်းကျင်၊ တန်းတူပြီး ဒီမိုကရေစီအခွင့်အရေးရှိတဲ့ နိုင်ငံရေးဝန်းကျင် မရှိခဲ့တာ စစ်အာဏာရှင်စနစ် သက်တမ်းတလျှောက်ပါပဲ။ ဒီလို အခြေအနေတွေကြောင့်လည်း အတုအယောင်တွေက ခွေးကတက်ကနေ နိုင်ငံရေးသမားလို့ ကြေးကြော်ပြီး တက်လာခဲ့ကြတာပါ။ လွှတ်လပ်ရေးရပြီးစကို ကြည့်ပါ။ ဖဆပလတွင်းမှာ နိုင်ငံရေးလုပ်စားသူတွေ မနည်းမနောပါပဲ။ ဒါကြောင့်လည်း ဖဆပလထဲက ကိုယ်ကျိုးရှာနိုင်ငံရေးသမားအချို့နဲ့ စစ်တပ်အတွင်းက ကိုယ်ကျိုးရှာသမားများ ပေါင်းမိပြီး စစ်အာဏာရှင် စနစ်ဟာ လူလားမြောက်ခဲ့တာ မဟုတ်ပါလား။

တစုံတရာ မြေပေါ်နိုင်ငံရေး လုပ်လို့ရတယ်လို့ ဆိုကြတဲ့ ၂၀၁၅ ကနေ ၂၀၂၀ ကာလ ကျပြန် တော့လည်း စစ်အုပ်စုရဲ့ ၂၀၀၈ ခြေဥဘောင်မှာ အကန့်အသတ်တွေ ထိန်းချုပ်မှုတွေအပြည့်ပါ။ မလူးသာ မလွန့်သာ အခြေအနေပါပဲ။ စစ်အုပ်စုနောက်ခံပေးထားတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးသမားတွေ ဆိုတာလည်း မနည်းမနော။ ခေတ်ကောင်းပြီအထင်နဲ့ နိုင်ငံရေးကိုခုတုံးလုပ်တဲ့ အချောင်သမားများ၊ ကိုယ်ကျိုးရှာသမားများလည်း ပေါချင်းသောချင်းပါပဲ။ ဒီလို အခြေအနေတွေကြောင့်လည်း နိုင်ငံရေးသမားလို့ ပြောရင် နှာခေါင်းရှုံ့ချင်စရာ ဖြစ်ခဲ့ရတာ မဟုတ်ပါလား။ အမှန်စင်စစ်မှာတော့ နိုင်ငံရေးသမားဆိုသည်များမှာ သူတော်စင်၊ သူတော်သန့်များ မဟုတ်ပါ။ အမှားရှိသည်၊ အမှန်ရှိသည်။ အမှားနည်းလာအောင် ကိုယ့်ကိုယ်ကို ဝေဖန်ရေးပေးရမယ်။ ကိုယ့်ကိုယ်ကို အမှားကိုမမြင် မပြင်ဆင်နိုင်ကြရင် အမှားကို အမှန်ထင်

သွားတတ်ကြတာပဲ မဟုတ်လား။

အမှန်တကယ်တော့ နိုင်ငံရေးနဲ့ နိုင်ငံရေးသမားတွေအပေါ် ဒီလို ခွဲခြမ်းထောက်ပြပြီး နောင်မျိုးဆက်ကို သင်ခန်းစာတွေကို ထုတ်နုတ်တင်ပြတာ၊ အတုယူစရာရှိတာ၊ ဂုဏ်ယူစရာရှိတာကို ယူတတ်အောင် မျှဝေ လက်ဆင့်ကမ်းပေးသင့်ပါတယ်။ စေတနာမှန်ဖို့နဲ့ လုပ်ရပ်မှန်ဖို့ပါပဲ။ နိုင်ငံရေးဆိုတာ မြင့်မြတ်တဲ့အရာ၊ အများအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံရတဲ့အရာသာ ဖြစ်ပါတယ်။ အခွင့်ထူးခံတဲ့အရာ၊ အချောင်လိုက်တဲ့အရာ လုံးလုံးမဟုတ်ပါ။ နိုင်ငံရေးသမားများကိုယ်တိုင်သည်ပင်လျှင် ဒီလိုခံယူပြီး စစ်မှန်တဲ့၊ ပြည်သူ့ဘက် ရပ်တည်တဲ့ နိုင်ငံရေးသမားများဖြစ်လာအောင် ကြိုးပမ်းအားထုတ်သင့်ပါတယ်။ အညစ်အကြေးတွေ နည်းသထက်နည်းလာအောင် လုပ်ဆောင်သင့်ပါတယ်။ ပြည်သူ့ဘက်ရပ်တည်တဲ့ တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ လူငယ်နိုင်ငံရေးမျိုးဆက်တွေကိုလည်း ဆက်လက် လက်ဆင့်ကမ်းပေးသင့်ပါတယ်။

ရဲဘော်မစ်ရှော

၂၇၊ ၈၊ ၂၀၂၄။

## ရှစ်လေးလုံးလူထုအရေးတော်ပုံ ၃၆ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရှစ်လေးလုံးလူထုအရေးတော်ပုံ ၃၆ နှစ်မြောက် အခမ်းအနားကို ၈.၈.၂၄ နေ့တွင် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက စီစဉ်ပြီး မြန်မာနိုင်ငံ နယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။



**မေး။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(Democratic Party For A Newsociety- DPNS)ရဲ့ ပေါ်ပေါက်လာပုံနဲ့ လက်ရှိတော်လှန်ရေးမှာ ပါဝင်နေပုံကို ပြောပြပေးပါ။**

**ဖြေ။ ။** ကျမတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၁၉၈၈ ခုနှစ်၊ လူထုဒီမိုကရေစီ အရေးတော်ပုံကြီး ဖြစ်ပွားလာတဲ့အချိန်မှာ စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက်ပိုင်း နိုင်ငံရေးပါတီများ စတင်တည်ထောင်ခွင့် ရတဲ့အချိန်မှာပဲ နိုင်ငံရေးပါတီတရပ်အဖြစ်နဲ့ မှတ်ပုံတင်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၁၉၈၈၊ အောက်တိုဘာ ၁၄ ရက်နေ့မှာ နိုင်ငံရေးပါတီအဖြစ်နဲ့ စတင်ပြီး လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။ အဲ့ကနေပြီး တော်လှန်ရေးကာလတလျှောက်လုံး ဖြတ်သန်းခဲ့ရတာ ရှိပါတယ်။ အဲ့လို ဖြတ်သန်းတဲ့အခါမှာ ကျမတို့ပါတီရဲ့ ခံယူချက်ကတော့ ပြည်သူသာအမိ၊ ပြည်သူသာအဖ ဖြစ်ပါတယ်။ ပါတီရဲ့ စံတန်ဖိုးတွေကတော့ လွတ်လပ်မှု၊ တန်းတူမှု၊ အမျိုးသားသွေးစည်းညီညွတ်မှုတို့ပဲ ဖြစ်ပါတယ်။ ဒီစံနှုန်းအတိုင်း လိုက်နာပြီး ဆောင်ရွက်တဲ့အခါ မှာ စစ်အုပ်စုရဲ့ ရန်ငြိုးဖွဲ့ခြင်းကိုခံရပြီးတော့ ၁၉၉၁ မှာ တရားဝင်နိုင်ငံရေးပါတီအဖြစ်ကနေ ဖျက်သိမ်းခံရ ပါတယ်။ အဲ့ဒီအချိန်မှာတော့ ကျမက ထောင်ထဲရောက်နေပြီ။ ကျန်တဲ့ ပါတီခေါင်းဆောင်အများအပြားလည်း အဖမ်းခံရတယ်။ တောတွင်းဖြတ်သန်းမှုတွေ ဖြတ်သန်းကြရတယ်။ အဲ့ဒီနောက်မှာတော့ နယ်စပ်မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အဖြစ်နဲ့ ပြန်လည်ထူထောင် ဖွဲ့စည်းပြီးတော့ တောတွင်းဖြတ်သန်းမှု၊ နယ်စပ်ဖြတ်သန်းမှုတွေကို ဖြတ်သန်းခဲ့ကြရတယ်။ အဲ့လိုဖြတ်သန်းခဲ့ရတဲ့အချိန် ၂၀၁၄ ခုနှစ်မှာ နိုင်ငံရေးပါတီ အဖြစ်နဲ့ ပြန်ပြီးတော့ မှတ်ပုံတင်ပြီး ဆောင်ရွက်နိုင်ခဲ့တယ်။ ရွေးကောက်ပွဲတွေလည်း ဝင်ခဲ့ကြတယ်။ ၂၀၂၁ နွေဦးတော်လှန်ရေးဖြစ်တဲ့အချိန်မှာ ကျမတို့က ဒီကိစ္စကို လုံးဝ လက်ခံလို့မရဘူး။ ဒါဟာ စစ်အုပ်စု က ဒီမိုကရေစီအခင်းအကျင်းတွေကို ရိုက်ချိုးဖျက်ဆီးလိုက်တာ ဖြစ်တယ်ဆိုပြီး စစ်အာဏာသိမ်းမှုကို လက်မခံနိုင်ကြောင်းကို တရားဝင် စာထုတ်ခဲ့တယ်။ ကျမတို့ပါတီဝင်ထုကို ပြည်သူလူထုတရပ်လုံးနဲ့အတူ ရောက်ရာနေရာ၊ ကျရာအခန်းကဏ္ဍကနေ ပါဝင်ကြဖို့ စာထုတ်ပြီး ညွှန်ကြားချက်ပေးခဲ့တယ်။ အဲ့နောက်ပိုင်း မှာတော့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးကိစ္စတွေမှာ ကျမတို့ ပါဝင်ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ပါတီခေါင်းဆောင်တွေ ဖမ်းဝရမ်းထုတ်ခံရတယ်။ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေ အသိမ်းခံရတဲ့ သူတွေလည်း ရှိတယ်။ စစ်အုပ်စုက နိုင်ငံရေးပါတီများ ပြန်ပြီးမှတ်ပုံတင်ဖို့ ပြောတဲ့အချိန်မှာ ကျမတို့ပါတီက စစ်အုပ်စုနဲ့ လုံးဝမပူးပေါင်းတဲ့မူ ချမှတ်ထားတဲ့အတွက်ကြောင့် ပြန်မှတ်ပုံမတင်တော့ ဖျက်သိမ်းခံလိုက်ရတဲ့ ပါတီတွေ

# ဗမာပြည်နယ်ဖွဲ့စည်းရေးဘယ်လိုလဲ
# အပိုင်း (၁)

## "မြန်မာ့အရှေ့" အင်တာဗျူး အစီအစဉ်

**(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၁၁ ရက်)**

ဒေါ်နှင်းနှင်းမွှေး
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး




ထဲမှာ ကျမတို့ပါတီလည်း ပါဝင်ပါတယ်။ အခုအချိန်မှာတော့ ကျမတို့ပါတီက မဟာမိတ်အင်အားစုတွေနဲ့ အတူ ပူးပေါင်းပြီးတော့ နွေဦးတော်လှန်ရေးရဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပြီးတိုင်ဖျက်သိမ်းရေး၊ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ချေမှုန်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေး ကြွေးကြော်သံတွေကို ခိုင်ခိုင်မြဲမြဲ ကိုင်စွဲပြီး ဆက်လက်တိုက်ပွဲဝင်လျက်ရှိပါတယ်။

**မေး။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဆိုတာက ၈၈ မှာကတည်းက လူထုအုံကြွမှုနဲ့အတူ၊ လူထုတိုက်ပွဲထဲကနေ မွေးဖွားလာတဲ့ပါတီတခု ဖြစ်သလို၊ နှစ်ပေါင်းများစွာ စစ်တပ်ရဲ့ ဖိနှိပ်မှု၊ နှိပ်ကွပ်မှုကို နှစ်ပေါင်း(၃၀)ကျော်ကြာအောင် ရပ်တည်လာနိုင်တဲ့ DPNS ပါတီရဲ့ တော်လှန်ရေးဖြတ်သန်းမှုအရ ပြီးခဲ့တဲ့ တော်လှန်ရေးလှုပ်ရှားမှုတွေနဲ့ ဒီကနေ့ နွေဦးတော်လှန်ရေးရဲ့ မတူညီတဲ့ အားသာချက်တွေက ဘာတွေဖြစ်မလဲ။**

**ဖြေ။ ။** ဒီ ၁၉၈၈ လူထုဒီမိုကရေစီ အရေးတော်ပုံကြီးက အခု ၂၁ နွေဦးတော်လှန်ရေးလိုပဲ လူထုက လှည်းနေလှေအောင်း မြင်းဖောင်းမကျန် ပါဝင်ခဲ့ကြတယ်။ ၁၉၈၈ အရေးတော်ပုံကြီးက ကျရှုံးခဲ့တယ်လို့ ပြောကြတယ်။ ကျမက အဲ့လို လုံးဝမယူဆပါဘူး။ ဘာကြောင့်လဲဆိုတော့ နှစ်ပေါင်း ၂၆ နှစ်ကျော် အခြေခိုင်ခဲ့တဲ့ မဆလ တပါတီအာဏာရှင်စနစ်ကို သေချာပေါက် ဖြုတ်ချနိုင်ခဲ့တယ်။ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်ကို အစပြုနိုင်ခဲ့တယ်။ လူ့အခွင့်အရေးတွေ၊ ဒီမိုကရေစီအခွင့်အရေးတွေ လူထုက တောင်းဆိုခဲ့ကြတယ်။ အရှေ့အရှေ့ကတော်လှန်ရေးတွေရဲ့ အဆက်အနေနဲ့ ၈၈ အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရတာဖြစ်တယ်။ ဒါက ၈၈ ရဲ့ ထူးခြားချက်၊ အားသာချက်တွေလို့ ပြောလို့ရတယ်။

ကျမတို့ပါတီ ဆိုရင်လည်း ၈၈ မှာ ကျမတို့ခေါင်းဆောင် အကုန်လုံးနီးပါးလောက်က ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က ခေါင်းဆောင်တွေ ဖြစ်ကြတယ်။ စစ်တပ်က အာဏာသိမ်း ပြီးတဲ့အခါမှာ ဗကသကို ပုံစံသုံးခုနဲ့ သွားကြမယ်ဆိုပြီးတော့ တစုက ABSDF ဆိုပြီးတော့ လက်နက်ကိုင်

တော်လှန်ရေးကို သွားတယ်။ နောက်တစုက ဗကသများအဖွဲ့ချုပ်အနေနဲ့ ဆက်လက်ပြီးတော့ ရပ်တယ်။ ကျန်တဲ့တစုက လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအဖြစ်နဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ကြတယ်။ အဲ့ဒီတော့ တော်လှန်ရေး အတွေ့အကြုံက ပါတီစကတည်းကိုက ရှိခဲ့တဲ့ အတွေ့အကြုံဖြစ်ပါတယ်။

၂၀၂၁ နွေဦးတော်လှန်ရေးမဖြစ်ခင် ကြားထဲမှာဆိုရင်လည်း လူထုလှုပ်ရှားမှုတွေက အစဉ်အဆက် ဆက်ပြီးတော့ ဖြစ်ခဲ့တယ်။ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး ဖြစ်တယ်၊ ၁၉၉၆ ကျောင်းသားလှုပ်ရှားမှု ဖြစ်တယ် စသည်ဖြင့်ပေါ့။ အဲ့သလိုမျိုး စစ်အာဏာရှင်စနစ်ကို ပုံစံမျိုးစုံနဲ့ ဆန့်ကျင်တော်လှန်ခဲ့မှုတွေ ရှိတယ်။ နောက် လက်နက်ကိုင်လှုပ်ရှားမှုတွေ ရှိခဲ့ကြတယ်။ သေချာတာကတော့ လူထုရဲ့ ဒီစစ်အုပ်စုကို မလိုချင်ဘူးဆိုတဲ့ စိတ်ဓာတ်က၊ တော်လှန်ရေးစိတ်ဓာတ်က တနေ့တခြား ခိုင်မြဲလာတယ်လို့ ကျမက မြင်ပါတယ်။ ဒီ ၂၁ နွေဦးတော်လှန်ရေးမှာကျတော့ တော်လှန်ရေးရဲ့ အမြင့်ဆုံးအဆင့်ကို ရောက်လာတယ်လို့ မြင်ရပါတယ်။

၈၈ မှာတုန်းက လူထုရဲ့ အုံကြွတော်လှန်မှုကြောင့် အာဏာသိမ်းတယ်ဆိုပြီး အကြောင်းပြခဲ့တယ်။ ၂၀၂၁ နွေဦးတော်လှန်ရေးမှာတော့ စစ်တပ်ကနေ အာဏာသိမ်းတဲ့အခါ လူထုဟာ ဖမ်းမယ်၊ ဆီးမယ်၊ သတ်မယ်၊ ဖြတ်မယ် ဆိုတာ သိသိကြီးနဲ့ လမ်းမပေါ် ရောက်လာခဲ့ကြတာဖြစ်တယ်။ ဒီမှာ မတူသလိုနဲ့ တူတဲ့ကိစ္စတွေ ရှိတယ်။ တူသလိုလိုနဲ့ မတူတဲ့ကိစ္စတွေလည်း အများကြီးရှိတယ်။ ဒါပေမဲ့ ဒီတော်လှန်ရေးတွေရဲ့ အားကောင်းချက်တွေကတော့ တတိုင်းတပြည်လုံးမှာရှိတဲ့လူထုက တော်လှန်ရေးမှာ ပါဝင်ခဲ့ကြတယ်။ တော်လှန်ရေးမှာ ပိုပြီးအဆင့်မြင့်လာတာကတော့ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်ချေမှုန်းမှ ရတော့မယ်။ ဒီ၂၀၀၈ ဖွဲ့စည်းပုံဟာ ငါတို့အပေါ်မှာ မတရားဖိနှိပ်ပြီးတော့ လူထုကို ဘယ်တော့မှ စစ်ကျွန်ဘဝက လွတ်မြောက်အောင်လုပ်ပေးနိုင်တဲ့အရာ မဟုတ်ဘူး။ ဒါကိုတော့ အမြစ်ဖြတ်ချေမှုန်းမှရမယ်။ အကြွင်းအကျန် တောင် မကျန်ရဘူးဆိုတဲ့ စိတ်ဓာတ် လူထုမှာ ခိုင်မြဲလာတယ်။ စစ်တပ်က ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးမူ ဒါလေးပြောလို့ရှိရင်ပဲ တတိုင်းတပြည်လုံး ပြိုကွဲသွားတော့မယောင် တောက်လျှောက် ပြောခဲ့ကြတယ်။ ဒါပေမဲ့ အခု ၂၁ နွေဦးတော်လှန်ရေး ရောက်တဲ့အခါမှာ လူတွေအားလုံးရဲ့ရင်ထဲမှာ ဖက်ဒရယ်ဆိုတာ ဒါပါလား၊ ငါတို့ တတိုင်းတပြည်လုံးမှာရှိတဲ့ ပြည်သူတွေအားလုံးက လှည်းနေလှေအောင်း မြင်းဇောင်းမကျန်၊ တောင်ပေါ်မှာ ဖြစ်ဖြစ်၊ မြေပြန့်မှာဖြစ်ဖြစ်၊ စစ်အာဏာရှင်ရဲ့ စစ်ယန္တရားရဲ့ လွှမ်းမိုးမှုအောက်မှာ တတန်းတစားတည်း အတူတူ ဖိနှိပ်မှုကို ခံနေရပါလားဆိုတာ မြင်လာကြတယ်။ စစ်ပွဲဟာ လူတိုင်းလူတိုင်းရဲ့ အိမ်တံခါးကို ခေါက်လာတယ်။ ခုဆိုလို့ရှိရင် ပိုတောင်ဆိုးတဲ့အခြေအနေဖြစ်တယ်၊ စစ်မှုထမ်းဥပဒေ ရှိတယ်၊ စစ်မှုထမ်းဥပဒေထက် အသက်ကျော်လွန်တဲ့သူတွေတောင်မှ ကိုယ့်ကိုကိုယ်ကာကွယ်ဖို့ ကိုယ့်တိုင်းပြည်ကို ကာကွယ်ဖို့ စစ်မှုထမ်းအတတ်ပညာ သင်ရမယ်ဆိုတာ ဖြစ်လာတယ်၊ ပေါ်တာဆွဲတဲ့ ကိစ္စတွေ ဖြစ်လာတဲ့အခါ တတိုင်းတပြည်လုံးမှာ ဘယ်သူမှ နေလို့မရတော့ဘူး။ အဲ့လိုဆိုတော့ အားလုံးရဲ့ ရင်ထဲမှာ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်ရမယ်ဆိုတဲ့စိတ်က ပိုပြီးတော့ အားကောင်းလာတယ်။ တော်လှန်ရေး အဆင့်ကလည်း မြင့်လာတာကို တွေ့ရပါတယ်။

**မေး။ ။ ၈၈ မတိုင်ခင်က လှုပ်ရှားမှုတွေ၊ ပြီးတော့ ၈၈ မှာ ဖြစ်ပေါ်လာတဲ့ တော်လှန်ရေးရဲ့ အကြီးဆုံး ပြောင်းလဲသွားမှုတွေ ပြီးရင် နောက်တခုကတော့ ၉၆ တို့၊ ၂၀၀၇ တို့ပြီးရင် ၂၀၁၅**

**ဖြစ်လာတဲ့ အကျိုးဆက်တွေ နောက်ဆုံးတော့ ၂၁ ရွေးကောက်ပွဲနောက် ဒီလိုအဆင့်ဆင့် လူထုရဲ့တောင်းဆိုမှုတွေ ပြောင်းလဲလာသလို ဆရာမတို့ပါတီမှာဆိုရင် ပြည်သူသာအမိ၊ ပြည်သူသာအဖ ဆိုတဲ့ ဆောင်ပုဒ်ကို ကိုင်စွဲပြီး ပြည်သူ့ဆန္ဒကိုရှေ့ရှုပြီး လုပ်ဆောင်ခဲ့ကြတယ်။ ခုနကပြောသွားသလို တော်လှန်ရေးရဲ့ အားကောင်းချက်တွေပြီးရင် ပါတီခံယူချက်တွေ နောက်ပြီးတော့ နွေဦးတော်လှန်ရေးရဲ့ တောင်းဆိုချက်ဖြစ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဆိုတာကို DPNS အနေနဲ့ ဘယ်လိုမျိုးမြင်လဲ၊ ဘယ်လိုမျိုး ယူဆပါသလဲ။**

ဖြေ။ ။ ကျမတို့နိုင်ငံ လွတ်လပ်ရေးရတော့မယ့်အချိန်ကတည်းက ကျမတို့နိုင်ငံမှာရှိတဲ့ ခေါင်းဆောင်တွေကြားထဲမှာ ကတိကဝတ်တွေ ရှိခဲ့ကြတယ်။ တကယ်ကို လွတ်လပ်ပြီး တန်းတူမျှတတဲ့ ပြည်ထောင်စုတခုကို တည်ထောင်မယ်ဆိုတဲ့ စိတ်သဘောဆန္ဒတွေ ရှိခဲ့ကြတယ်လို့ ကျမကတော့ ယုံကြည်တယ်။ ကျမတို့ရဲ့ နိုင်ငံတော်သီချင်းမှာလည်း ဒီကိစ္စတွေ ပါပါတယ်။ ပင်လုံစာချုပ်မှာလည်း ပါတယ်။ သို့သော်လည်းပဲ ဝမ်းနည်းစရာကောင်းတာကတော့ လွတ်လပ်ရေးရပြီးကတည်းက ကျမတို့နိုင်ငံမှာ ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ရတယ်။ အဲ့လို တောက်လောင်ခဲ့ရတဲ့ အဓိကအကြောင်းအရင်းက ဘာလဲဆိုရင် တကယ်ကို လွတ်လပ်ပြီး တရားမျှတတဲ့ အခြေအနေ၊ ပြည်ထောင်စုရဲ့အခြေအနေ ဘယ်တုန်းကမှ မရခဲ့တာပါပဲ။ နိုင်ငံရဲ့နာမည်မှာတော့ ပြည်ထောင်စုလို့တပ်ထားတယ်။ သို့သော်လည်းပဲ တကယ်တမ်းမှာ တပြည်ထောင်စနစ်ပဲ ဖြစ်ခဲ့တယ်။ လူမျိုးတွေကြားထဲမှာ ခွဲခြားမှုတွေရှိခဲ့တယ်၊ တန်းတူမှုမရှိခဲ့ဘူး၊ ဘာသာတရားတွေကြားမှာ ခွဲခြားခံရတယ်။

အဲ့တော့ ကျမတို့က အစဉ်အဆက် ဖြစ်ပေါ်လာခဲ့တဲ့ နှစ်ပေါင်းများစွာ နှစ် ၇၀ လောက်၊ ၈၀ လောက် ဖြစ်ခဲ့ရတဲ့၊ အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲရတဲ့ ကိစ္စတွေကို ခုချိန်မှာတော့ ကျမတို့ အဆုံးသတ်ဖို့ အချိန်တန်ပြီ။ ကျမတို့အမျိုးသားတွေ ကြားထဲမှာ၊ မြန်မာတွေ ကြားထဲမှာ၊ ကရင်တွေ၊ ချင်းတွေ၊ ကချင်တွေ၊ ကယန်းတွေ၊ ကယောတွေ စသဖြင့် ကျမတို့နိုင်ငံထဲမှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေကြားထဲမှာရှိတဲ့ အမျိုးသားသွေးစည်းညီညွတ်မှုကို သေသေချာချာတည်ဆောက်ဖို့ အချိန်တန်ပြီလို့ မြင်ပါတယ်။ အားလုံးက တန်းတူညီမျှမှုရှိဖို့တော့ လိုတယ်။ ဘယ်လိုပုံစံမျိုးနဲ့ တည်ဆောက်ကြမလဲဆိုတာကိုတော့ ကျမတို့တစုတဖွဲ့တည်းနဲ့ ကျမတို့တပါတီတည်းနဲ့ ဆုံးဖြတ်လို့မရပါဘူး။ အားလုံးကြားထဲမှာ မဆွေးနွေးခဲ့ကြတဲ့ အခြေအနေတွေ ရှိခဲ့တော့ ခုချိန်ကစပြီးဖြစ်ဖြစ် ဆွေးနွေးကြဖို့ လိုတယ်။ တိုင်ပင်ကြဖို့ လိုတယ်။ ညှိနှိုင်းကြဖို့ လိုတယ်။ ပြိုကွဲခဲ့ရတဲ့ အမျိုးသားသွေးစည်းညီညွတ်မှုကို ခုချိန်ကစပြီး ပြန်တည်ဆောက်ပြီးတော့ ကျမတို့ ဘယ်တုန်းကမှမရခဲ့တဲ့ ပြည်ထောင်စုဆိုတဲ့ပုံစံကို တည်ဆောက်ကြဖို့ ဆိုတာက ကျမတို့နိုင်ငံမှာ အရေးတကြီးလိုအပ်နေတဲ့ကိစ္စဖြစ်တယ်။

သေချာတာကတော့ ကျမတို့ရဲ့ တိုင်းပြည်မှာ အတူတကွ မှီတင်းနေထိုင်ကြတဲ့ သူတွေကြားထဲမှာ လွတ်လပ်မှု ရှိရမယ်၊ တန်းတူမှုရှိရမယ်။ အမျိုးသားသွေးစည်းညီညွတ်မှု ရှိရမယ်။ အဲ့လိုရှိတဲ့ အခါကျတော့မှ၊ အဲ့အခြေခံတွေပေါ်မှာ တည်ဆောက်တဲ့အခါကျတော့မှ ကျမတို့နိုင်ငံမှာ တကယ်ကို စုစည်းညီညွတ်ပြီးတော့ ချစ်ချစ်ခင်ခင်နေထိုင်ကြတဲ့ ပြည်ထောင်စုကြီး ပေါ်ပေါက်လာလိမ့်မယ်လို့ယူဆပါတယ်။ ငါ့လူမျိုးက များလို့၊ ငါ့လူမျိုးက နည်းလို့၊ ငါ့လူမျိုးက ဘယ်လိုဖြစ်လို့ အကြောင်းပြချက်တွေက အခုချိန်မှာတော့ အဆုံးသတ်သင့်ပြီ ထင်ပါတယ်။ များတဲ့သူက နည်းတဲ့သူကို ဖိနှိပ်တဲ့၊ နည်းတဲ့သူကလည်း ဒီအခွင့်အရေး ရမှဆိုတဲ့

တရားသေ ကိုင်ဆုပ်မှုမျိုးတွေ မဟုတ်ဘဲနဲ့ အချင်းချင်းကြားထဲမှာ နားလည်မှုရှိရှိနဲ့ အပြန်အလှန် ဆွေးနွေးတိုင်ပင် ညှိနှိုင်းခြင်းကသာ အဖြေဖြစ်တယ်လို့ ကျမကတော့ ယုံကြည်ပါတယ်။

**မေး။ ။ ဖက်ဒရယ်ဒီမိုကရေစီရဲ့ အနှစ်သာရတွေဖြစ်တဲ့ တန်းတူရေး၊ တရားမျှတရေး စတဲ့ အခြား အကြောင်းအရာတွေနဲ့ ပတ်သက်လို့ စတင်ဆွေးနွေးဖို့ အချိန်တန်ပြီ ပြောသွားတာ ရှိတယ်။ DPNS ဆိုရင် NUCC ရဲ့ အဖွဲ့ဝင်ဖြစ်သလို NUCC သည်လည်း ဖက်ဒရယ်ဒီမိုကရေစီချာတာဆိုပြီး NUCC မှာ ပါဝင်တဲ့ အင်အားစုတွေ၊ အဖွဲ့ဝင်တွေ အကုန်လုံးက သဘောတူပြီး ထုတ်ပြန်ထားတာ ရှိတဲ့အခါကျတော့ စတဲ့ အခြေခံသဘောတရားတွေ စတင်ဆွေးနွေးဖို့ဆိုတာက ဖက်ဒရယ်ဒီမိုကရေစီချာတာက ဘယ်လိုမျိုး ဆက်စပ်မှုရှိမလဲ။ ဘယ်လိုအခြေအနေမျိုး ဖြစ်မလဲ။**

**ဖြေ။ ။** ကျမရဲ့နားလည်ချက်ကတော့ NUCC ကနေ ရေးဆွဲထားတဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် ဆိုတာက NUCC မှာ ပါဝင်နေတဲ့ အဖွဲ့ဝင်အဖွဲ့အစည်းတွေက လက်ခံထားတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကို သဘောတူလက်ခံပြီးတော့ NUCC မှာ ပါဝင်ကြတယ်လို့ ကျမကတော့ ယုံကြည်တယ်။ တခုရှိတာကတော့ NUCC မှာ မပါဝင်သေးတဲ့ အခြားအဖွဲ့အစည်းတွေ အများကြီးရှိနေသေးတယ်။ ကျမတို့က နိုင်ငံတခု၊ ပြည်ထောင်စုတခုကို ထူထောင်မယ်ဆိုလို့ရှိရင် လက်ရှိ ရှိနေတဲ့အစုအဖွဲ့ကို ပိုပြီးတော့ချဲ့ဖို့တော့ အမှန် တကယ် လိုအပ်ပါတယ်။ ဒါနဲ့မလုံလောက်သေးပါဘူး။ အဲ့တော့ ဒီလူတွေကြားထဲမှာ FDC ကို လက်ခံနိုင်တာလား၊ လက်မခံနိုင်တာလား၊ သို့တည်းမဟုတ် ဘာတွေဖြည့်စွက်ချင်သေးတာလဲ။ ဒါမျိုးတွေ ကျမတို့က ဆွေးနွေးတိုင်ပင် ညှိနှိုင်းကြဖို့တော့ လိုမယ်လို့ထင်ပါတယ်။ အခုချိန်မှာတော့ NUCC ထဲမှာ အဲ့ဒီကိစ္စတွေ တစုံတရာဆောင်ရွက်နေပြီလို့ သိထားတာ ရှိတယ်။ NUCC ပြင်ပမှာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ လိုက်လံတွေ့ဆုံတယ်။ FDC နဲ့ပတ်သက်ပြီးတော့ သဘောထားမှတ်ချက်တွေ တောင်းခံတယ်။ ရှေ့လျှောက်ကို အလုပ်တွေ အတူတကွလက်တွဲပြီး ဘယ်လိုဆောင်ရွက်မလဲ၊ ဆွေးနွေးမေးမြန်း တိုင်ပင်တဲ့ ကိစ္စတွေ ဆောင်ရွက်နေတာ ရှိပါတယ်။

ကျမရဲ့ ယုံကြည်ချက်ကတော့ ဖက်ဒရယ်စနစ်ကို တည်ထောင်ထားတဲ့ နိုင်ငံကြီးတွေမှာတောင်မှပဲ သူတို့ဖွဲ့စည်းပုံတွေမှာ၊ သူတို့သွားနေတဲ့ ယန္တရားတွေမှာ ပြည့်စုံလုံလောက်မှုမရှိလို့ ပြင်ရ၊ ဆင်ရ၊ ညှိနှိုင်းတိုင်ပင်ရတဲ့ ကိစ္စတွေ အများကြီးရှိပါတယ်။ ကျမတို့နိုင်ငံလိုမျိုး အခုမှ စလုံးရေစမယ်လို့ အစပျိုးနေတဲ့ နိုင်ငံတခုမှာဆိုရင် လိုအပ်ချက်တွေ အများကြီးရှိနိုင်ပါတယ်။ အခု FDC မှာ စုစည်းထားတာက ယေဘုယျ အခြေခံလိုအပ်ချက်တွေ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဲ့ထက်ပိုပြီးတော့ လိုအပ်ချက်တွေ ရှိနေသေးတယ်။ ထပ်မံဖြည့်စွက်ချင်တယ်ဆိုတဲ့ကိစ္စတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ ကျမတို့က ဒါကပဲအမှန် ဆိုပြီးတော့ တရားသေဆုပ်ကိုင်ထားလို့ မရပါဘူး။ ကျန်တဲ့အဖွဲ့တွေ၊ အစုအစည်းတွေရဲ့အသံကို နားထောင်ဖို့လိုတယ်။ သူတို့နဲ့ ဆွေးနွေးတိုင်ပင် ညှိနှိုင်းကြဖို့လိုတယ်လို့ မြင်ပါတယ်။ အဲ့ဒါမှသာလျှင် ကျမတို့သွားချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို သွားနိုင်ပါလိမ့်မယ်။

**မေး။ ။ နွေဦးတော်လှန်ရေးရဲ့တောင်းဆိုချက်ထဲမှာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက် ရေးလို့ ဆိုတဲ့အခါမှာ တပြိုင်နက်တည်း ထွက်လာတာက ဗမာပြည်နယ်ဖွဲ့စည်းရေး ဆိုတဲ့ဟာက**

**၂၀၀၈ ရွေးကောက်ပွဲနောက်ပိုင်းမှာ တိမ်မြုပ်နေတဲ့ဟာက ၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေး နောက်ပိုင်းမှာ ပြန်ပြီးတော့ ကျယ်ကျယ်လောင်လောင် ဖြစ်လာတယ်။ DPNS အနေနဲ့ ဗမာပြည်နယ်ဖွဲ့စည်းရေး၊ ဗမာပြည်နယ် ပေါ်ပေါက်ရေး ဆိုတာနဲ့ပတ်သက်ပြီးတော့ ဘယ်လိုယူဆလဲဆိုတာ ပြောပြပေးပါ။**

ဖြေ။ ။ ဖက်ဒရယ်ပြည်ထောင်စုလို့ ပြောတဲ့အခါမှာ ကျမတို့ပါတီရဲ့ အခြေခံစဉ်းစားချက်မှာကိုက ရှစ်ပြည်နယ်အခြေခံမှုဆိုတာ ရှိပါတယ်။ ရှစ်ပြည်နယ်ပဲရှိရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ အခု ကျမတို့ဆီမှာ ခုနစ်တိုင်း၊ ခုနစ်ပြည်နယ်ဆိုတာ ရှိတယ်။ အများအမြင်မှာဆိုရင် ဗမာတွေက ခုနစ်တိုင်းပေါ့။ တရားမျှတမှု မရှိသလို ဖြစ်နေတယ်။ သေချာတာကတော့ ဗမာကလည်း တိုင်းရင်းသားလူမျိုးများထဲမှာ တခုအပါအဝင် ဖြစ်တယ်။ အဲ့တော့ တန်းတူညီမျှမှုသဘောတရားအရဆိုရင် ဗမာတွေဟာ ပြည်နယ်တခုတည်းရှိဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ ရှစ်ပြည်နယ်အခြေခံမှုဆိုတဲ့ သဘောတရားက နဂိုရှိခဲ့ပြီးသား ခုနစ်ပြည်နယ်မှာ ဗမာပြည်နယ်အပါအဝင် နောက်ထပ် ဘယ်နှပြည်နယ် ဖြစ်လာဦးမလဲ။ အဲ့ဒါကိုတော့ ကျမတို့က ဝင်ပြီး ဆုံးဖြတ်ပေးလို့ မရဘူး။ အကုန်ဝိုင်းပြီးတော့ ဆုံးဖြတ်ကြရမယ့်ကိစ္စဖြစ်တယ်။ ရှစ်ပြည်နယ်အပေါင်း အများကြီးလည်း ဖြစ်လာနိုင်တယ်။ ဒေသန္တရ အခြေအနေပေါ်မှာ မူတည်ပြီးတော့ ပေါ်ပေါက်လာတဲ့ ပြည်နယ်တွေလည်း ဖြစ်နိုင်တယ်။ လူမျိုးပေါ်မှာအခြေခံပြီးတော့ ပေါ်ပေါက်လာတဲ့ ပြည်နယ်တွေ ရှိလာနိုင်သလို အထူးအုပ်ချုပ်ခွင့်ရဒေသတွေလည်း ရှိနိုင်တယ်။ ဒါပေမဲ့ အဲ့ဒါတွေက ကျမတို့ တပါတီတည်းနဲ့ တဖွဲ့တည်းရဲ့ သဘောထားနဲ့ ဆုံးဖြတ်လို့တော့ မရပါဘူး။ အကုန်ဝိုင်းပြီးတော့ ဆွေးနွေး၊ စဉ်းစား၊ ဆုံးဖြတ်ကြရမှာ ဖြစ်တယ်လို့မြင်ပါတယ်။

ဒါပေမဲ့ သေချာတာကတော့ လူမျိုးကြီးဝါဒကို စွဲကိုင်ပြီး ဗမာက အားလုံးရဲ့အထက်မှာ ရှိတယ်ဆိုတဲ့ ပုံစံကတော့ လက်ခံလို့မရဘူး။ လက်လည်း မခံနိုင်ဘူး။ ဗမာတွေဟာ တိုင်းရင်းသားလူမျိုးအားလုံးထဲမှာ လူမျိုးတမျိုးဖြစ်တဲ့ အတွက်ကြောင့် ဗမာတွေရဲ့ပြည်နယ်တခုကတော့ ရှိဖို့လိုအပ်တယ်။ ဘယ်လိုပုံစံနဲ့ ဖွဲ့စည်းမလဲ၊ ဘယ်လောက်ဆိုရင် ပြည်နယ်ဖြစ်ရမယ်။ ဘယ်လိုအခြေခံအချက်တွေ လိုအပ်မလဲဆိုတာက ကျမလည်း ခုချိန်မှာ ခန့်မှန်းပြီး မပြောဆိုတတ်ဘူး။ ရှိသင့်တယ်ဆိုတဲ့ အချက်ပေါ်မှာပဲ သေသေချာချာ ပြောလို့ရမယ်။ ဘယ်လိုပုံစံနဲ့ ဖွဲ့စည်းကြမယ်၊ လုပ်ကိုင်ကြမယ်ဆိုတဲ့ ကိစ္စကတော့ အကုန်ဝိုင်းပြီးတော့ စဉ်းစားဆုံးဖြတ်ကြရမယ့်ကိစ္စ ဖြစ်ပါတယ်။

■



# သံဃာတော်များဦးစီးသည့်လူထုလှုပ်ရှားမှုအပေါ်ခြုံငုံသုံးသပ်ချက်

( ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် မှ အောက်တိုဘာလ ၃ ရက် အထိ )

## နိဒါန်း

ဖြစ်ရပ်တခု၊ ဖြစ်စဉ်တခု၊ လှုပ်ရှားမှုတခုကို သုံးသပ်ခြင်းဆိုသည်မှာ နိုင်ငံရေးပါတီအဖွဲ့အစည်းတိုင်း၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတိုင်းအတွက် အရေးကြီးလုပ်ငန်းတာဝန်တခု ဖြစ်ပါသည်။

ဖြစ်ရပ်တခု၊ ဖြစ်စဉ်တခု၊ လှုပ်ရှားမှုတခုကို သုံးသပ်ရာ၌ ထိုဖြစ်ရပ်တခု၊ ထိုဖြစ်စဉ်တခု၊ ထိုလှုပ်ရှားမှုတခု၏ သမိုင်းဇာစ်မြစ်၊ လတ်တလောအကြောင်းရင်း၊ ခေါင်းဆောင်မှု၊ တင်ပြသည့် ကြွေးကြော်သံများ၊ လှုပ်ရှားအသက်ဝင်လာမှု၊ ပြန့်နှံ့ရာနယ်ပယ်၊ (နအဖ) စစ်အစိုးရ၏ တုန့်ပြန်မှု၊ ပြည်တွင်း ပြည်ပ နိုင်ငံရေးအင်အားစုအသီးသီး၏ တုန့်ပြန်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာမိသားစု၏ တုန့်ပြန်မှု၊ အောင်မြင်မှုနှင့် ထိခိုက်ဆုံးရှုံးမှု အကျိုးဆက်ရလဒ်နှင့် ရှေ့အလားအလာများအထိ သုံးသပ်ရမည်ဟု ယူဆပါသည်။

## သမိုင်းဇာစ်မြစ်

လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ရှည်ကြာနေခဲ့ရသော အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲ၍ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရသော ဖြစ်စဉ်သည် ကျွန်တော်တို့တိုင်းပြည် ယနေ့ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာအရပ်ရပ်၏ သမိုင်းဇာစ်မြစ်ပင်ဖြစ်ပါသည်။ အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲရခြင်းသည် အကြောင်းရင်းခံဖြစ်ပြီး ပြည်တွင်းစစ်သည် အကျိုးဆက်ရလဒ် ဖြစ်ပါသည်။ ထိုပြည်တွင်းစစ်အတွင်း၌ စစ်အာဏာရှင်စနစ် သန္ဓေတည်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေးဇာတ်ခုံပေါ်အထိ တက်ရောက်လာခဲ့ကာ ယနေ့အထိ မင်းမူတွင်ကျယ်နေခြင်း ဖြစ်ပါသည်။

သို့အတွက် အမျိုးသားအသီးသီး ပြည်သူများသည် ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်စဲ၍ အမျိုးသား သွေးစည်းညီညွတ်မှုကို ပြန်လည်တည်ဆောက်ကြရန်ဖြစ်သည်။ ယင်းသည် အမျိုးသားအသီးသီး ပြည်သူ များ၏ အချက်အချာတာဝန်ကြီးတရပ် ဖြစ်ပါသည်။ ယနေ့ကာလ၌ တောင်းဆိုနေသော အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးသည် ထိုတာဝန်ကြီးကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး အတွက် ဦးတည်ချက်နှင့် နည်းလမ်းပင်ဖြစ်ပါသည်။

## လတ်တလောအကြောင်းရင်း

ဩဂုတ်လ ၁၅ ရက်နေ့တွင် (နအဖ) စစ်အစိုးရက လောင်စာဆီဈေးနှုန်းများကို ကြိုတင်အသိပေး အကြောင်းကြားခြင်းမရှိဘဲ ရုတ်တရက် တိုးမြှင့်လိုက်သည့် ကိစ္စပင်ဖြစ်သည်။

ယင်း၏အကျိုးဆက်အဖြစ် သယ်ယူပို့ဆောင်ရေးနှင့် အထွေထွေကုန်ပစ္စည်းဈေးနှုန်းများ ထိုးတက် သွားတော့သည်။ ယင်း၏ဒဏ်ရာဒဏ်ချက်ကို အလုပ်သမား၊ လယ်သမားနှင့် မြို့နေ ဆင်းရဲသားဝန်ထမ်း အများစုက ခါးစည်း၍ ခံကြရတော့သည်။

ထိုအခါ ကိုမင်းကိုနိုင်၊ ကိုကိုကြီး အစရှိသော ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်၊ တက်ကြွလှုပ်ရှားသူများသည် ပြည်သူများ လက်တွေ့ ကြုံတွေ့ခံစားနေရသော အထွေထွေကုန်ဈေးနှုန်း မြင့်မားသည့်ဒဏ်မှ သက်သာရာရစေရန် မြင့်တက်သွားသော လောင်စာဆီဈေးနှုန်းနှင့် ကုန်ဈေးနှုန်းများ ကျဆင်းရေးအတွက် ငြိမ်းချမ်းစွာ လမ်းလျှောက်၍ ဆန္ဒဖော်ထုတ် ပြသခဲ့ကြပါသည်။

ယင်းသို့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများ၏ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပြသခဲ့မှုများကို (နအဖ) စစ်အစိုးရက ၎င်းတို့၏ လက်ကိုင်တုတ် လူရမ်းကားများဖြစ်သော ကြံ့ဖွံ့၊ စွမ်းအားရှင် ဆိုသူများဖြင့် အကြမ်းဖက် ဖိနှိပ်ဖြိုခွဲမှုများ ပြုလုပ်ခဲ့ကြပါသည်။

ထိုအခါ မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်း၊ ဖက်ဆစ်တော်လှန်ရေးသမိုင်း၊ ဒီမိုကရေစီ တော်လှန်ရေးသမိုင်း အဆက်ဆက်တွင် နေလိုလလို သမိုင်းအစဉ်အလာ အထင်အရှားရှိခဲ့ကြသော ဆရာတော် သံဃာတော်များသည် တပည့်ဒကာ၊ ဒကာမများ၏ ဆင်းရဲဒုက္ခနှင့် အကြမ်းဖက်ဖိနှိပ်ခံရမှုများကို မျက်ဝါး ထင်ထင် တွေ့မြင်ကြားသိလာရသောအခါ ဥပက္ခာမပြုနိုင်တော့ဘဲ ပြည်သူများဘက်က ထွက်၍ မားမား မတ်မတ် ရပ်တည်ရှေ့ဆောင်လာခဲ့ပါတော့သည်။

ယင်းသို့ သံဃာတော်များ၊ ရဟန်းပျိုများက ပြည်သူများရှေ့က မားမားမတ်မတ် ရပ်တည် ရှေ့ဆောင်လာသောအခါ ပြည်သူများအပေါ် ဆိုးသွမ်းအကြမ်းဖက် ဖိနှိပ်နေသော ကြံ့ဖွံ့၊ စွမ်းအားရှင် ဆိုသည့် လူရမ်းကားများသည် ကျားနှင့် ပက်ပင်းရင်ဆိုင်တွေ့လိုက်ရသော ခွေးကဲ့သို့ အမြီးကုတ်၍ နောက်ဆုတ် သွားခဲ့ကြတော့သည်။ သို့သော် ဒေဝဒတ်၏ တပည့်လက်သစ်များပီပီ သံဃာတော်များကို မဆန့်သာ၍သာ နောက်ဆုတ်လိုက်ရသော်လည်း အကောက်ကြံ အကွက်ချောင်းလျက်ရှိနေပါသည်။ သို့ဖြင့် စက်တင်ဘာလ ၅ ရက်၊ ၆ ရက်နေ့များတွင် ပခုက္ကူမြို့၌ ငြိမ်းချမ်းစွာ လှည့်လည် မေတ္တာပို့ခဲ့ကြသော သံဃာတော်များကို ဓာတ်တိုင်တွင် ကြိုးတုတ်ရိုက်နှက်၍ အကြမ်းဖက် ရမ်းကားလာပါတော့သည်။

ယင်းဖြစ်စဉ်ဖြစ်ရပ်သည် ယနေ့ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော သံဃာတော်များ ဦးစီးသည့် လူထုလှုပ်ရှားမှု၏ ကနဦး မီးပွားနှင့် စနက်တံပင် ဖြစ်ပါသည်။ လတ်တလော အကြောင်းအရင်း ဖြစ်ပါသည်။

ယင်းသို့ ရှိင်းစိုင်းယုတ်မာ အကြမ်းဖက်မှုသည် အမြို့မြို့အနယ်နယ်သို့ တောမီးပမာ ပျံ့နှံ့သွားခဲ့ပါတော့သည်။ သို့ဖြင့် ရန်ကုန်၊ မန္တလေး၊ စစ်တွေ၊ ပဲခူး၊ ဟင်္သာတ၊ မုံရွာအစရှိသော မြို့ကြီးများတွင် သံဃာတော်များ ဦးဆောင်သည့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ အစီအရီ ပေါ်ပေါက်လာပါတော့သည်။

အစပထမတွင် သံဃာတော်များက ကုန်ဈေးနှုန်းများကျဆင်းရေး၊ စားဝတ်နေရေး ပြေလည်စေရေး နှင့် ပခုက္ကူမြို့ သံဃာတော်များအပေါ် အကြမ်းဖက်မှုကို ဝန်ချတောင်းပန်းရန် ရာဇသံပေးခဲ့ခြင်း ဖြစ်ပါသည်။ ယင်းကို (နအဖ)စစ်အစိုးရ ဂရုမစိုက်ဘဲ လျစ်လျူရှုနေခဲ့ပြီး ပြည်တွင်းပြည်ပ အဖျက်သမားများ၏ မြှောက်ပင့်မှု၊ ပြည်ပမီဒီယာများ၏ ပုံကြီးချဲ့မှု၊ သံဃာတော်များ၏ နိုင်ငံရေးနားမလည်မှုကြောင့် ဖြစ်ရသည်ဟု လိမ်ညာပြောဆို ဝါဒဖြန့်ခဲ့ပါသည်။ သို့သော်လည်း ယခုအခါ ထိုပခုက္ကူမြို့၌ သံဃာတော်များ အကြမ်းဖက် ခံရမှုသည် ဒေသခံအာဏာပိုင်များ၏ မှားယွင်းသောကိုင်တွယ်မှုကြောင့် ဖြစ်ရသည်ဟု ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဝန်ခံပြောဆိုနေပါသည်။ ဒေသခံအာဏာပိုင်များသည် သူတို့သဘောနှင့်သူတို့ ကိုင်တွယ်၍မရပါ။ အထက်အမိန့် ညွှန်ကြားချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဓိက လက်သည်တရားခံနှင့် တာဝန်ရှိသူများမှာ (နအဖ)စစ်အစိုးရပင် ဖြစ်ပါသည်။

## ခေါင်းဆောင်မှုနှင့် ကြွေးကြော်သံများ

အခြေခံအားဖြင့် လှုပ်ရှားမှုသည် 'မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီး၏ ဦးစီးဦးဆောင်မှု အောက်တွင် တပြေးညီ လိုက်ပါနိုင်ခဲ့ကြပါသည်။ ယင်းသည် ထူးခြားကောင်းမွန်သော အချက်ဖြစ်ပါသည်။ တဆင့်ပြီးတဆင့် တင်ပြခဲ့ကြသော အောက်ပါကြွေးကြော်သံများသည် လက်ရှိတိုက်ပွဲ လိုအပ်ချက်နှင့် ကိုက်ညီပြီး မှန်ကန်ပါသည်။

- လောင်စာဆီဈေးနှုန်း လျှော့ချပေးရေး၊
- ကုန်ဈေးနှုန်း ကျဆင်းရေး၊
- စားဝတ်နေရေး ပြေလည်ရေး၊
- အကြမ်းဖက် နှိပ်စက်ရမ်းကားမှုများအတွက် ဝန်ချတောင်းပန်ရေး၊
- အမျိုးသား ပြန်လည်သင့်မြတ်ရေး၊
- နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေး၊
- တွေ့ဆုံဆွေးနွေးရေး၊

ထိုသို့ ရဲဝံ့စွာဦးဆောင်မှုပေးခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာတပ်ပေါင်းစုကြီးနှင့် ဦးစီးခဲ့ကြသော သံဃာတော်များကို တပည့်တော်တို့ ပါတီဗဟိုကော်မတီနှင့် တပါတီလုံးက ဦးညွှတ် အရိုအသေပြုပါသည်။ မှတ်တမ်းတင်ပါသည်။

## ခြုံငုံသုံးသပ် ရရှိချက်များ

ဤဖြစ်ရပ်မှနေ၍ အောက်ပါအချက်အလက်များကို ရှင်းလင်းစွာ နားလည်သိမြင်စေပါသည်။

- (နအဖ) စစ်အစိုးရသည် စစ်အာဏာရှင်စနစ်တည်မြဲရေးအတွက် ဘာသာနှင့် သာသနာဝန်ထမ်း ရဟန်းသံဃာတော်များကို အလေးဂရုမထားနိုင်ဘဲ ကမ်းကုန်သည့် အကြမ်းဖက်ဖိနှိပ်မှုကို ပြည်တွင်းနှင့်



နိုင်ငံတကာမိသားစုတို့က ပိုမိုရှင်းလင်းစွာ သိမြင်လာစေပါသည်။

- စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးလုပ်ငန်းတာဝန်သည် နောက်ဆုတ်၍မရ၊ ပြတ်သား ကုန်စင်သည်အထိ တိုက်ဖျက်သွားရမည် ဟူသည့်အချက်ကို ပိုမိုရှင်းလင်းစွာ နားလည်စေပါသည်။ ထို့အပြင် (နအဖ)စစ်အစိုးရက လွယ်လွယ်နှင့် စေ့စပ်လိုက်လျောလာမည်ဟူသော ပြည်တွင်းပြည်ပရှိ လူတချို့၏ မျှော်လင့်စိတ်ကူးယဉ်မှုကို ချေဖျက်ပေးခဲ့သည်။
- ငြိမ်းချမ်းသည့်နည်း၊ မေတ္တာပို့ဆုတောင်းသည့် နည်းလမ်းသည် ပြည်သူများကို စည်းရုံးနိုင်သည်မှန်သော်လည်း မိမိတို့တိုက်ပွဲရေချိန်နှင့် အဝန်းအဝိုင်းကို မြှင့်တင်တိုးချဲ့ကြရာတွင် လည်းကောင်း၊ စစ်အစိုးရက ကမ်းကုန်အောင် အကြမ်းဖက်ဖိနှိပ်လာသည့်အခါတွင် လည်းကောင်း အခြားသော ရွေးချယ်စရာ တိုက်ပွဲနည်းလမ်းများ ထားရှိရန်လိုအပ်ကြောင်း ပိုမိုရှင်းလင်းစွာ နားလည်စေခဲ့ပါသည်။
- ကျစ်လစ်သိပ်သည်းပြီး မှန်ကန်သည့်ခေါင်းဆောင်မှု၊ ကြောင်းကျိုးဆီလျော်ပြီး လက်ရှိတိုက်ပွဲ လိုအပ်ချက်နှင့် ကိုက်ညီသည့် ကြွေးကြော်သံများ တင်ပြနိုင်လျှင် ပြည်သူများ အင်နှင့်အားနှင့် ပါဝင်လာနိုင်သည် ဆိုသည့်အချက်ကို ရှင်းလင်းစွာ သိမြင်နားလည်စေပါသည်။
- လူထုတိုက်ပွဲ၏ အဆုံးအဖြတ်အင်အားသည် လူထုလူတန်းစား အလွှာအသီးသီး၊ စစ်အစိုးရယန္တယားအတွင်းရှိ ဝန်ထမ်းပြည်သူများ၊ တပ်မတော်သားများ အချိန်ကိုက် ပါဝင်လာနိုင်မှုအပေါ်တွင် တည်မှီနေသည် ဟူသောအချက်နှင့် ထိုသို့ ကြိုတင်တင်ပြ စည်းရုံးထားနိုင်ရေးသည် အရေးကြီးသော လုပ်ငန်းတာဝန်တရပ်ဖြစ်သည် ဆိုသည့်အချက်ကိုလည်း ရှင်းလင်းစွာ သိမြင်နားလည် သဘောပေါက်စေခဲ့ပါသည်။
- ယခုလှုပ်ရှားမှုသည် (နအဖ)စစ်အစိုးရ၏ လမ်းပြမြေပုံကို ပြင်းထန်စွာ ထိုးနှက်နိုင်စေခဲ့ပြီး ကျန်ရှိနေသည့် လမ်းပြမြေပုံပါ အဆင့်များကို အဆုံးသတ်တိုက်ဖျက်ပစ်နိုင်မည့် အခြေခံကောင်းများကို ဖြစ်ပေါ်ရရှိစေခဲ့ပါသည်။ သို့အတွက် ယခုအခါ စစ်အစိုးရသည် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ထောက်ခံကြိုဆိုပွဲများ ဖုတ်ပူမီးတိုက် လုပ်ဆောင်လာနေရပါသည်။ ယင်းသို့သော ထောက်ခံကြိုဆိုပွဲ ဆိုသည်များကို အမိန့်အာဏာဖြင့်၊ နယ်စွန်နယ်ဖျားတွင်သာ ပြုလုပ်နိုင်ပြီး ရန်ကုန်၊ မန္တလေးကဲ့သို့

အချက်အချာ မြို့ကြီးများတွင် ပြုလုပ်ဝံ့ခြင်းမရှိသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

- ပြည်တွင်းလှုပ်ရှားမှုကို စနစ်တကျ စည်းရုံးဖော်ဆောင်နိုင်လျှင် (နအဖ)စစ်အစိုးရကို ထိထိရောက်ရောက် ခြိမ်းခြောက်နိုင်စေပြီး အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ၏ အာရုံစူးစိုက်မှုကို တိုးတက်ရရှိစေပါသည်။

- ပြဿနာများနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့လာရသောအခါ (နအဖ)စစ်အစိုးရ၌ ဖြေရှင်းရန် အခြားနည်းလမ်းမရှိဘဲ အကြမ်းဖက်ချေမှုန်းမှု တခုတည်းသာရှိသည်ဟူသည့်အချက်သည် ပိုမို ရှင်းလင်းလာပါသည်။ ထိုသို့ဖြေရှင်းခြင်းသည် မူလပြဿနာများကို မပြေလည်နိုင်စေသည့်အပြင် ပိုမိုကြီးထွားကျယ်ပြန့်လာစေပြီး အခြားသော နောက်ဆက်တွဲပြဿနာသစ်များကို ဖိတ်ခေါ်မိလျက်သားဖြစ်သည့် အကျဉ်းအကြပ်ထဲသို့ ပို၍ ရောက်ရှိသွားစေပါသည်။

ထိုသို့ အကြမ်းဖက်ဖိနှိပ်ဖြိုခွဲလိုက်သဖြင့် မူလပြဿနာများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများ ပြေလည်သွားခြင်းမရှိပါ။ ထိုသို့ အကြမ်းဖက်ဖိနှိပ်မှုကြောင့် နောက်ဆက်တွဲပြဿနာသစ်များအဖြစ် (နအဖ)စစ်အစိုးရကို ပြည်သူလူထုက ပိုမို နာကျည်းလာစေသည်။ ထို့အပြင် သေဆုံးသူများ၊ ဒဏ်ရာရရှိသူများ၊ ပျောက်ဆုံးနေသူများနှင့် ပတ်သက်၍ ရာဇဝတ်စုံစမ်း ဖော်ထုတ်ပေးရန် လူ့အခွင့်အရေးရှုထောင့်အရ၊ တရားဥပဒေရှုထောင့်အရ ပြဿနာသစ် အပြောက်အမြားကို ရင်ဆိုင်ရစေပါသည်။

ဥပမာအားဖြင့်

– သံဃာတော်အပြောက်အမြား ဖမ်းဆီးထိန်းသိမ်းထားရခြင်း၊

– သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးနေသူများကိစ္စ (မီဒီယာသတင်းများအရ ၂၀၀ နီးပါးသေဆုံး၊ တထောင်ခန့် ဒဏ်ရာရပြီး၊ လူခြောက်ထောင်နီးပါး ဖမ်းဆီးထားသည်ဟု ဆိုပါသည်။)

– ငွေကြာယံဘုန်းကြီးကျောင်း အကြမ်းဖက်စီးနင်းခံရမှု အဖြစ်မှန် စုံစမ်းဖေါ်ထုတ်ရေး၊

– ငမိုးရိပ်ချောင်းအတွင်း မျောပါလာခဲ့သော သံဃာတော်တပါး၏အလောင်းကိစ္စ အဖြစ်မှန် စုံစမ်းဖော်ထုတ်ရေး၊

– ဂျပန်မီဒီယာသမားတဦး ပစ်သတ်ခံရမှု စုံစမ်းဖော်ထုတ်ပေးရေး၊

– အိမ်းနီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ၏ ဝေဖန်မှုဖိအားပေးမှုကို တိုးတက်ရင်ဆိုင်လာရခြင်း စသည့် ပြဿနာသစ်အပြောက်အမြားကို (နအဖ)စစ်အစိုးရ ရင်ဆိုင်ရပြီး ပြည်သူများ တက်ကြွလှုပ်ရှားသူများအတွက် မပြီးဆုံးသေးသည့် စစ်အာဏာရှင်တိုက်ဖျက်ရေး တိုက်ပွဲအဆင့်ဆင့်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသော တိုက်ကွင်းတိုက်ကွက်သစ်များကို ရရှိသွားစေပါသည်။

– အိုင်တီနည်းပညာအသုံးချနိုင်မှုနှင့် မီဒီယာများ၊ အထူးသဖြင့် ပြည်တွင်းရှိ ဘလော့ဂါများ၏ စွမ်းဆောင်မှုကြောင့် (နအဖ)စစ်အစိုးရ၏ အကြမ်းဖက်ဖိနှိပ်ရမ်းကားမှုများကို နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရများ၊ ပြည်သူများ ရှင်းလင်းစွာသိမြင်နိုင်စေခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ပေးခဲ့ကြသူများကို ကျွန်တော်တို့ပါတီက အထူးလေးစား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ယင်းအိုင်တီနည်းပညာ၏ စွမ်းဆောင်ချက်နှင့် အားသာချက်များကို လာမည့်တိုက်ပွဲအဆက်ဆက်တွင် ပိုမိုတိုးချဲ့ အသုံးပြုသွားနိုင်ရန် လိုအပ်ပါသည်။

## နိဂုံးချုပ်တင်ပြချက်

၁၉၆၂ခုနှစ်၊ မတ်လ ၂ ရက် စစ်အစိုးရအာဏာသိမ်းစဉ်ကလည်း (တကသ) အဆောက်အဦးကို ဒိုင်းနမိုက်ဖြင့် ဖြိုချခဲ့ပြီး ကျောင်းသားရာကျော် အကြမ်းဖက်သတ်ဖြတ်ခဲ့ကာ ဒါးဒါးချင်း လှံလှံချင်း ရင်ဆိုင်မည်ဟု ဝင့်ကြွားမောက်မာခဲ့သည်။ ရှစ်လေးလုံးလူထုလှုပ်ရှားမှုကြီးကို အကြမ်းဖက်ချေမှုန်းပြီး၊ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် အာဏာသိမ်းသည့် အခါတွင်လည်း 'စစ်တပ်ဆိုတာ ပစ်ရင် တည့်တည့်ပစ်တယ် မိုးပေါ်ထောင်ဖောက်တာ မပါဘူး' ဟု ထပ်မံကြုံးဝါးခဲ့ကာ ဒီပဲယင်းအကြမ်းဖက်မှုကို ကျူးလွန်ခဲ့ပြန်သည်။ ယခုနောက်ဆုံး ဘာသာသာသနာနှင့် သံဃာတော်များကိုပင် မထောက်ထားနိုင်တော့ဘဲ ကမ်းကုန်အောင် အကြမ်းဖက် ရမ်းကားပြသခဲ့ပါပြီ။ ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုမှုကို စက်သေနတ်ဖြင့် ချေမှုန်းခဲ့ပြီ။ မေတ္တာပို့သူ ရဟန်းသံဃာတော်များကို အကြမ်းဖက်သတ်ဖြတ်ခဲ့ပြီ။ ဝါရွှေသော သင်္ကန်းတော်နှင့် သာသနာ့အလံတော်သည် သွေးစွန်းခဲ့ရပြီ။

ကျွန်တော်တို့ ပြည်သူများဘက်ကလည်း စစ်အာဏာရှင်စနစ် အကုန်အစင်တိုက်ဖျက်ရေးကို နောက်ပြန်ဆုတ်၍ မရတော့ကြောင်း သဘောပေါက် သိမြင်လာခဲ့ပြီဖြစ်ပါသဖြင့် မကြာမြင့်မီကာလအတွင်း စစ်အာဏာရှင်စနစ်နှင့် သူသေငါရှင် စားရင်းရှင်းကြရတော့မည့် နောက်ဆုံးတိုက်ပွဲကြီး ဆင်နွှဲရပါတော့မည်။ သို့အတွက် ကျွန်တော်တို့ ပြည်သူများ၊ ပြည်တွင်းပြည်ပ နိုင်ငံရေးအင်အားစုများဘက်က နိုးနိုးကြားကြား ရှိနေရန်နှင့် အစွမ်းကုန် စည်းရုံးပြင်ဆင်ထားကြရန် အထူးလိုအပ်ပါသည်။

ရှေ့သို့ဆက်လက်၍ ပြင်ဆင်စည်းရုံးကြရာတွင် အောက်ဖော်ပြပါ ကြွေးကြော်သံ ၃ ရပ်ကို တည့်မတ်စွာ ဦးတည်ချက်ထား၍ဆောင်ရွက်သင့်ပါကြောင်း ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက တင်ပြအစီရင်ခံအပ်ပါသည်။

၁။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေး၊

၂။ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊

၃။ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော သံဃာတော်များဦးစီးသည့် လူထုလှုပ်ရှားမှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူများ၊ သေဆုံးသူ၊ ပျောက်ဆုံးသူ၊ ဖမ်းဆီးထိန်းသိမ်းခံထားရသူများနှင့် ပတ်သက်၍ အဖြစ်မှန် ဖော်ထုတ်စုံစမ်း၍ တာဝန်ရှိသူများကို ထိထိရောက်ရောက် အပြစ်ပေးအရေးယူရေး၊

– သံဃာတော်များဦးစီးသည့် လူထုလှုပ်ရှားမှုအတွင်း အသက် သွေး ချွေး ပေးလှူသွားခဲ့ကြသော ရဟန်းအာဇာနည်၊ လူအာဇာနည် သူရဲကောင်းများကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက လှိုက်လှဲစွာ ဦးညွှတ်ဂုဏ်ပြုပါသည်။

– စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဗြာနချုပ်)
၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်




# အပစ်ရပ်ဆွေးနွေးမည်ဆိုသည့်တိုင်

## လွှန်းနွေငြိမ်း

မြန်မာအမျိုးသားဒီမိုကရက်တစ်တပ်မတော်(MNDAA) သို့မဟုတ် ကိုးကန့်အမျိုးသားတပ်မတော်က ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ နေ့စွဲနဲ့ ရပ်တည်ချက်ဆိုင်ရာ ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေငြာချက်ကို စက်တင်ဘာလ ၄ ရက်နေ့မှာပဲ လိုင်းပေါ်မှာ စ တင်ခဲ့ပြီး ချက်ချင်းဆိုသလိုပဲ ပြန်ဖြုတ်ချသွားခဲ့တယ်။ ၂ ပါတ်လောက်အကြာ စက်တင်ဘာလ ၁၈ ရက်နေ့မှာ ဒီကြေငြာချက်ကို ပြန်တင်လိုက်တာ တွေ့ရပါတယ်။

ကြေငြာချက်က တိုတိုလေးပါ။ တမျက်နှာပဲ ရှိပါတယ်။ ပြောပြထားတဲ့ ရပ်တည်ချက်ကလည်း သုံးချက်တည်းပဲ ဖြစ်ပါတယ်။ စာကတိုပေမယ့် ပြောထားတဲ့ ရပ်တည်ချက်က ၃ ချက်တည်း ဆိုပေမယ့် ဒီလိုအချိန်မျိုး၊ ဒီလိုအခြေအနေမျိုးမှာ ဒီလိုစာကို ဘာကြောင့်ထုတ်ပြန်လိုက်ရတာလဲ၊ ဘာတွေ ဆက်ဖြစ်လာနိုင်လဲ။ ဘာတွေဆက်ပြီး လုပ်ဆောင်ကြရတော့မလဲ စသည်ဖြင့် တွေးတောစရာတွေ၊ စဉ်းစားစရာတွေက တော်တော်လေး ရှိလာပါတယ်။ ဒီထုတ်ပြန်ချက်က နွေဦးတော်လှန်ရေးအင်အားစုများအပေါ်၊ လူမျိုးပေါင်းစုံလူထုကြီးအပေါ် အတော်ကြီး လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေခဲ့တာ အမှန်ဖြစ်ပါတယ်။

ကိုးကန့်အမျိုးသားတပ်မတော်ဆိုတာ မြောက်ပိုင်းညီနောင်မဟာမိတ် ၃ ဖွဲ့ထဲက တဖွဲ့ဖြစ်တယ်။ ၁၀၂၇ စစ်ဆင်ရေး ပထမပိုင်းနဲ့ ဒုတိယပိုင်းတွေကို ဦးဆောင်ပြီး ရှေ့ဆုံးတန်းကတိုက်ခဲ့တဲ့ အဖွဲ့တွေထဲက တဖွဲ့ဖြစ်တယ်။ ရမခ စစ်ဌာနချုပ်ကို သိမ်းပြီး၊ ရှမ်းမန်းစစ်ဆင်ရေးလို့တောင် ခေါ်ဝေါ်အမည်ပေးထားတဲ့ စစ်ဆင်ရေးကြီးအတွင်းမှာ အားထားရတဲ့ အဖွဲ့တွေထဲက တဖွဲ့ဖြစ်တယ်။ နေရာအနှံ့မှာ သဏ္ဌာန်အမျိုးမျိုးနဲ့ လှုပ်ရှားနေကြတဲ့ နွေဦးတော်လှန်ရေးအင်အားစု အသီးသီးနဲ့ လူမျိုးစုံ ပြည်သူလူထုကြီးကို အားတက်ရွှင်လန်းဖြစ်စေခဲ့တဲ့ တိုက်စွမ်းရည်ကောင်းတဲ့ တပ်မတော်တရပ်ဖြစ်တယ်။

၁၀၂၇ စစ်ဆင်ရေးကြီးဟာ နွေဦးတော်လှန်ရေးကြီးကို များစွာကျေးဇူးပြုခဲ့တယ်။ အဲ့လိုပဲ ၁၀၂၇ စစ်ဆင်ရေးကြီးရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်တဲ့ ညီနောင်မဟာမိတ် ၃ ဖွဲ့ဟာလည်း နွေဦးတော်လှန်ရေးကြီးအတွက် အရေးကြီးတဲ့ လက်တွဲဖော်တွေ၊ တိုက်ဖော်တိုက်ဖက်တွေဖြစ်လာခဲ့တယ်။ စစ်အာဏာရှင်စနစ်အကုန်အစင်ဖျက်သိမ်းရေး တိုက်ပွဲကြီးအတွင်းမှာ လေးစားရတဲ့ ရဲဘော်၊ ရဲဘက်တွေ ဖြစ်လာခဲ့တယ်။

တို့လူတွေ၊ တို့ရဲဘော်တွေ၊ တို့တပ်ဖွဲ့တွေလို့ လူမျိုးစုံလူထုကြီးက ရင်ထဲကကို ရင်းနှီးနွေးထွေးစွာ တန်ဖိုးထားခဲ့ကြတယ်။ ဒီလို တန်ဖိုးထားမှုမျိုးဆိုတာ ရွှေပုံကြီး ပုံပေးပြီး ဝယ်ရင်တောင် ရနိုင်တဲ့ တန်ဖိုးထားမှုမျိုး မဟုတ်ဘူး။ ဒီတန်ဖိုးကို ညီနောင်မဟာမိတ် ၃ ဖွဲ့ဟာ အသက်တွေ၊ ဘဝတွေရင်းပြီး တိုက်ပွဲဝင်မှုနဲ့အတူ ထိုက်ထိုက်တန်တန် ရရှိခဲ့တာဖြစ်တယ်။

စစ်ဆင်ရေးကြီးအရှိန်ကလည်း စစ်ကောင်စီတပ် ကြောက်ဒူးတုန်လောက်အောင် ဖြစ်လာခဲ့တယ်။ လက်နက်ချတာ၊ ထွက်ပြေးတာ၊ လူထုဆီ ခိုလှုံတာ၊ တပ်ပျက်တာ စတာတွေက ပတ်တုတ်လို့မရအောင် ဖြစ်လာနေပြီ။ သိပ်မကြာခင်မှာဘဲ ပြင်ဦးလွင်ကို ဝင်တိုက်ဖို့၊ မန္တလေးကို ဝင်တိုက်ဖို့၊ ရှမ်းတောင်ကို ဝင်တိုက်ဖို့ ပြင်ဆင်နေကြပြီဆိုပြီး စနစ်တကျ တပ်ဆုတ်နိုင်အောင် တပ်တွင်းမှာ တိုးတိုးတိတ်တိတ် ညွှန်ကြားထားပြီလို့ ကြားနေရပါတယ်။

၁၀၂၇ စစ်ဆင်ရေးဒုတိယပိုင်းနဲ့ ဟန်ချက်ညီ နေရာဒေသအနှံ့အပြားက တော်လှန်ရေးအင်အားစုတွေရဲ့ တိုက်ပွဲတွေကလည်း အရှိန်မြင့်လာခဲ့တယ်။ အခုဆိုရင် မြို့ပေါင်း ၇၉ မြို့ကို တော်လှန်ရေးတပ်တွေက ထိန်းချုပ်ထားနိုင်ပြီလို့ သိရပါတယ်။ ဗိုလ်မင်းအောင်လှိုင်ရော၊ စစ်ကောင်စီတခုလုံးရော၊ အရှုံးမီးဝိုင်းဖြစ်နေပြီး အရှုံးစကား၊ အနှမ်းစကားတွေ တောပြောတောင်ပြောတွေ ပြောရင်း ပြေးပေါက်ရှာနေရတဲ့ ကာလမျိုး ဖြစ်တယ်လို့ ကျနော်တော့ သုံးသပ်ချင်တယ်။ တော်လှန်ရေးရဲ့ ဒီရေမြင့်သစ်တခုကို ရောက်ရှိနေပြီလို့ အသေအချာ ပြောချင်ပါတယ်။

ကျနော်တို့သာ ညီညီညွတ်ညွတ်နဲ့ ဟန်ချက်ညီတိုက်ခိုက်ကြမယ်ဆိုရင်၊ နိုင်ငံရေး၊ စစ်ရေး ပူးပေါင်းလှုပ်ရှားမှုတွေနဲ့ တဟုန်ထိုး ချီတက်နိုင်ရင် အောင်ပွဲဟာ ကျနော်တို့လက်ထဲ ရောက်နေပြီလို့ မှန်းဆနိုင်တဲ့ အခုလိုကာလမှာ ကျနော်တို့ရဲ့ မိတ်ဆွေ၊ ကျနော်တို့ရဲ့ ရဲဘော်၊ ကျနော်တို့ရဲ့ တိုက်ဖော်တိုက်ဖက်ဖြစ်တဲ့ ကိုးကန့်အမျိုးသားတပ်မတော်က စစ်ပွဲထဲကထွက်ပြီး အပစ်ရပ်တော့မယ်လို့ ပြောလိုက်တာ၊ တရုတ်နိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးမှုနဲ့ နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းကြဖို့ တောင်းဆိုလိုက်တာဟာ အချိန်အခါ မဆိုက်သလို ခံစားမိတယ်။ လူတိုင်း အံ့အားသင့်ကြတယ်။ နောက် လူတိုင်း စိတ်မကောင်းဖြစ်ကြတယ်။

ဒီလို အချိန်မျိုးမှာမှ ဒီလိုစာမျိုးကို ဘာကြောင့် ထုတ်လိုက်ရတာလဲ။

ဘာကြောင့် ထုတ်လိုက်ရတာလဲ ဆိုတာကို အတိအကျ မသိနိုင်ပေမယ့်၊ မှန်းဆကြည့်လို့တော့ ရသလိုလို ရှိပါတယ်။ ထုတ်ဖို့လိုအပ်လာလို့၊ ထုတ်မှကိုဖြစ်မယ်ယူဆလို့ ထုတ်လိုက်တာဖြစ်မှာပါ။ ဒီလို အဖွဲ့အစည်းတရပ်က အကြောင်းမဲ့တော့ ဘယ်ထုတ်ပါ့မလဲ။ လုံလောက်တဲ့ သို့မဟုတ် လုံလောက်တယ်လို့ သူတို့ကယူဆတဲ့ အကြောင်းတခု ရှိပါလိမ့်မယ်။ အကြောင်းတခုမကလည်း ရှိချင်ရှိပါလိမ့်မယ်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုတဲ့စကားလည်းရှိတော့ နားလည်ပေးလို့ရပါတယ်။ ဘယ်အဖွဲ့အစည်းမဆို ကိုယ်ယုံကြည်ရာကို ကိုယ်ထုတ်ပြန်ခွင့် ရှိပါတယ်။

ကိုယ်ပြောတဲ့စကားကို ကိုယ်တာဝန်ယူနိုင်ရင်၊ ကိုယ်ထုတ်တဲ့စာကို ကိုယ်တာဝန်ယူနိုင်ရင်၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ပြောနိုင်၊ ထုတ်ပြန်နိုင်ပါတယ်။ လက်တွဲဖော်တယောက် လက်တွဲဖြုတ်ပြီး ကျန်နေရစ်ခဲ့မှာမို့ နှမြောသလို၊ စိတ်မကောင်းသလို၊ ဝမ်းနည်းသလို ရှိပေမယ့် ခွင့်ပြုကြရမှာ၊ နားလည်ပေးကြရမှာ အမှန် ဖြစ်ပါတယ်။

မန္တလေးမြို့သိမ်းတိုက်ပွဲ၊ တောင်ကြီးမြို့သိမ်းတိုက်ပွဲတွေမှာ မပါတော့ဘူးလို့ဆိုပေမယ့် မိမိကိုယ်ကို

ခုခံကာကွယ်ခွင့်ကို ဆက်လက်ကိုင်စွဲသွားမယ်လို့ ဆိုထားပါတယ်။ ဒီစကားက အရေးကြီးပါတယ်။ ဒါဟာ စစ်အုပ်စုကို၊ ဗိုလ်မင်းအောင်လှိုင်ကို ရန်၊ ငါ အမြင်ရှင်းမှုက လာတဲ့စကားဖြစ်ပါတယ်။ အပစ်ရပ်တယ်၊ စကားပြောတယ် ဆိုသည့်တိုင်၊ လက်နက်ကို ကိုင်ထားမယ်။ လိုအပ်လာတဲ့အချိန်မှာ စက္ကန့်မဆိုင်း ပြန်တိုက်နိုင်အောင်၊ ခုခံဆန့်ကျင်နိုင်အောင်၊ တော်လှန်တိုက်ပွဲ ဆင်နိုင်အောင် အသင့်ရှိနေမယ်ဆိုတဲ့စကား ဖြစ်ပါတယ်။

တော်လှန်ရေးဆိုတာ ဘယ်သူက ဘယ်သူ့ကိုမှ ဖွတ်အတင်းပါခိုင်းလို့ မရပါဘူး။ ကိုယ့်ယုံကြည်မှုနဲ့ ကိုယ့်ပိုင်းဖြတ်မှုနဲ့၊ ကိုယ်တိုင်ဆုံးဖြတ်ပါဝင်ရတဲ့ အမျိုးပါ။ ပါလို့လည်း ရတယ်။ နားလို့လည်း ရတယ်။ နားနေရာကနေ ပြန်ပါလို့လည်း ရတယ်။ ကိုယ်ပါဝင်နေသမျှ ကိုယ့်တန်ဖိုးပဲ ဖြစ်ပါတယ်။

တခု စဉ်းစားမိတာ ရှိပါတယ်။

ဗိုလ်မင်းအောင်လှိုင်လို လူမျိုးနဲ့ အပစ်ရပ်ပြီး၊ ဆွေးနွေးပြီးရလာတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆိုတာ ဘယ်လောက် အာမခံနိုင်မှုရှိမလဲ၊ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှု ဘယ်လောက်အာမခံချက် ရှိနိုင်မလဲ။ ၂၀၀၈ ခြေဥအောက်မှာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှုဆိုတာကို ဘယ်သူက ဘယ်လို အာမခံမှာလဲ။ အတော်ခက်ခဲတဲ့ ကိစ္စပါ။ အဆိပ်ပါနေတဲ့ရေကို ရေစစ်နဲ့သောက်ရင် သက်သာကောင်းရဲ့လို့ ယုံမှားတဲ့ တောင့်တမှုမျိုးဖြစ်ပါတယ်။ ကျနော်တို့ လူထုကို၊ ကျနော်တို့အမျိုးသားတွေကို၊ ကျနော်တို့ ဒေသကို ဗိုလ်မင်းအောင်လှိုင်နဲ့ညှိပြီး ၂၀၀၈ ခြေဥအောက်မှာ အေးချမ်းအောင်၊ သာယာအောင်၊ ဖွံ့ဖြိုး တိုးတက်အောင် ထားနိုင်လိမ့်မယ်လို့ထင်ရင် တက်တက်စင်အောင်လွဲပြီလို့ ယူဆပါတယ်။

စစ်အာဏာရှင်စနစ်အောက်မှာ၊ ၂၀၀၈ ခြေဥအောက်မှာ လူတဦးချင်းပဲဖြစ်ဖြစ်၊ လူမျိုးတမျိုးချင်းပဲ ဖြစ်ဖြစ်၊ အဖွဲ့အစည်း တခုချင်းပဲဖြစ်ဖြစ်၊ နယ်မြေဒေသ တခုချင်းပဲဖြစ်ဖြစ်၊ ပြည်နယ်တခုချင်းပဲဖြစ်ဖြစ်၊ ဘယ်လိုမှ မလွတ်မြောက်နိုင်ဘူး။ အခြေအနေအရ ကနေ့ ရန်လုပ်မခံရသေးပေမယ့်၊ မနက်ဖြန် သန်ဘက်ခါ အခြေအနေက သူအသာစီးရပြီလို့ထင်တာနဲ့ ကိုယ့်ကို ရန်လုပ်တော့မှာ၊ စော်ကားတော့မှာ ဖိနှိပ်နင်းချေ ပစ်မယ်ဆိုတာ နှစ် ၇၀ ကျော် သမိုင်းက သက်သေအကြိမ်ကြိမ်ပြပြီး ဖြစ်ပါတယ်။

ဒါဟာ အမုန်းနဲ့ အာဃာတနဲ့ ပြောတာမဟုတ်ပါဘူး။

ရန်ငါ အမြင်နဲ့ပြောတာ ဖြစ်ပါတယ်။

ဒီကနေ့ ကိုးကန့်အမျိုးသားများအပါအဝင် လူမျိုးစုံပြည်သူလူထုကြီးရဲ့ဘုံရန်သူဟာ ဗိုလ်မင်းအောင် လှိုင် အမှူးပြုတဲ့ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရား ဆိုတဲ့ စစ်အာဏာရှင်စနစ် ဖြစ်ပါတယ်။ ဗိုလ်မင်းအောင်လှိုင်တို့အုပ်စုဟာ ၂၀၀၈ ခြေဥကို အကာအကွယ်ယူပြီး သူ့အာဏာကို အခိုင်အမာ တည် ဆောက်ချင်တာပါ။ သူ့ပေးစာကမ်းစာလောက်ကို ကျေနပ်ကြည်နူးစွာ လက်ခံရယူမယ့် တပည့်တပမ်းတို့ရဲ့ ပူဇော်အထူးကိုခံရင်း ကမ္ဘာတည်အောင် အာဏာပိုင်စိုးချင်နေတာပါ။

ကျနော်တို့ထဲကတယောက် လမ်းရွေးမှားရင်၊ တယောက်ချောက်ထဲကျမှာပါ။

တဖွဲ့လမ်းရွေးမှားရင် တဖွဲ့ချောက်ထဲကျမှာပါ။

ကျနော်တို့အားလုံး ဘယ်သူမှ လမ်းရွေးမမှားရအောင် တယောက်ကိုတယောက်၊ တဖွဲ့ကိုတဖွဲ့ ဖေးမလက်တွဲရင်း စစ်အာဏာရှင်စနစ်အောက်က တနိုင်ငံလုံး လွတ်မြောက်အောင်၊ ပြည်သူတရပ်လုံး လွတ်မြောက်အောင် ညီညီညွတ်ညွတ်နဲ့ ဟန်ချက်ညီတိုက်ပွဲဝင်ကြရမှာပါ။

မောနေရင်၊ ပင်ပန်းနေရင်ခဏနားလို့ရပါတယ်။ လက်တွဲဖြုတ်ပြီး ကျန်နေခဲ့ရင်တော့ မသင့်လျော်ဘူး လို့ပဲ ယူဆပါတယ်။ ကျားဆိုးပေါ်တဲ့တောကို ဖြတ်တဲ့အခါ သတိတချက်လွတ်တာနဲ့ အသက်ပါ ပျောက် သွားနိုင်တယ်ဆိုတာ မိတ်ဆွေများ၊ ရဲဘော်များ သိပြီးဖြစ်မှာပါ။

ဒီမှာ အလျဉ်းသင့်လို့ မစ္စတာဝမ်ယိနဲ့ တရုတ်နိုင်ငံကိုလည်း တလက်စတည်း အကြံပြု တိုက်တွန်း ချင်ပါတယ်။

ကျနော်တို့နိုင်ငံကို တည်ငြိမ်အေးချမ်းသွားစေချင်တာ၊ စစ်ပွဲတွေ မရှိစေချင်တော့တာ၊ သက်ဆိုင်သူ အားလုံး ပါဝင်ပြီး တွေ့ဆုံဆွေးနွေး၊ အဖြေရှာချင်တာ နားလည်ပါတယ်။ စေတနာကို ကျေးဇူးလည်း တင်ပါတယ်။

ဒါပေမယ့် အဲ့ဒါတွေ ပီပီပြင်ပြင်ဖြစ်ဖို့ဆိုရင် ၂၀၀၈ ခြေဥအောက်မှာ လုပ်လို့မရဘူး။

၂၀၀၈ ခြေဥအောက်ကို ပြန်သွားလို့မရဘူး။

စစ်အာဏာရှင်စနစ်အောက်ကို ပြန်သွားလို့မရဘူး။

တရုတ်နိုင်ငံအနေနဲ့ လူမျိုးစုံမြန်မာပြည်သူတွေနဲ့ မြန်မာနိုင်ငံကို အိမ်နီးချင်းကောင်းပီသစွာ၊ Super Power နိုင်ငံကြီး ပီသစွာ၊ မှန်ကန်တည့်မတ်အောင်၊ အကျိုးများအောင် ဝန်းရံဖို့လိုပါလိမ့်မယ်။ မှန်ကန် တည့်မတ်အောင်၊ အကျိုးများအောင် ဝန်းရံဖို့ ဝတ္တရားလည်းရှိပါတယ်။ ဝန်းရံကူညီတဲ့နေရာမှာ လူမျိုးစုံ မြန်မာပြည်သူလူထုကြီးရဲ့ ဆန္ဒသဘောထား၊ အင်အားစုအသီးသီးရဲ့ ဆန္ဒသဘောထားတွေကို သိရှိအောင် လေ့လာပြီး ကူညီပါ၊ ဝန်းရံပါလို့ အကြံပြုချင်ပါတယ်။

လူမျိုးစုံ လူထုကြီးရဲ့ ဆန္ဒသဘောထား၊ အင်အားစုအသီးသီးရဲ့ သဘောထားတွေကို မလေ့လာဘဲ၊ မထင်ဟပ်ဘဲ၊ အလေးမထားဘဲ ကြားဝင်စေ့စပ်မယ်ဆိုရင် အနာတခြား၊ ဆေးတခြားဖြစ်ပြီး ဆေးကြောင့် လေးသွားတာမျိုး ဖြစ်သွားနိုင်ပါတယ်။

မစ္စတာဝမ်ယိနဲ့ တရုတ်နိုင်ငံအနေနဲ့ မှန်ကန်တည့်မတ်စွာ ကူညီဝန်းရံနိုင်ပါစေ။ လူမျိုးစုံ လူထုကြီးရဲ့ အကျိုးကို မျက်နှာမူနိုင်ပါစေလို့ အလေးအနက် ဆန္ဒပြုပါတယ်။

နောက်တခုကတော့ လူမျိုးစုံပြည်သူလူထုနဲ့ အင်အားစုအသီးသီးကို အကြံပြုချင်ပါတယ်။

– ဗိုလ်မင်းအောင်လှိုင်တို့ စစ်ကောင်စီက သွေးရူးသွေးတန်း ဖြစ်နေပြီ။

– သူ့အာဏာကို ဆက်ထိန်းနိုင်ဖို့အတွက် ကျနော်တို့ရဲ့ ညီညွတ်ရေးကို သွေးခွဲသပ်လျှိုမှု အမျိုးမျိုးနဲ့ ကြိုးစားပမ်းစား ဖြိုခွဲလာပါလိမ့်မယ်။

– သူ့ဘက်က ဘယ်လို ဖြိုခွဲလာသည်ဖြစ်စေ၊ မိမိတို့ရဲ့ ညီညွတ်ရေးကို အစွမ်းကုန် ထိန်းသိမ်းပြီး အောင်ပွဲရသည်အထိ ပြတ်ပြတ်သားသား ဆက်တိုက်သွားကြဖို့ ဖြစ်ပါတယ်။

– အကြောင်းကြောင်းကြောင့် ခုလိုမျိုး တစုတဖွဲ့ ပွဲကျန်ရစ်ခဲ့တယ်ဆိုရင်တောင် အချိန်မရွေး နွေဦး တော်လှန်ရေးကြီးအတွင်း ပြန်လည်ပူးပေါင်း လက်တွဲလာနိုင်အောင် လမ်းဖွင့်ပေးထားကြဖို့၊ တဖွဲ့ချင်းစီတိုင်း မှာ ရှိတတ်ကြတဲ့ ထူးခြားတဲ့ အနေအထားတွေအပေါ် နားလည်လက်ခံပေးကြဖို့ လေးစားစွာ အကြံပြု ပန်ကြားချင်ပါတယ်။

**လွန်းနွေငြိမ်း**

၂၄၊ ၉၊ ၂၀၂၄



# သွေးစွန်းခဲ့တဲ့စက်တင်ဘာနေ့စွဲ

ကြယ်စင်မြစ်

ဒီနေ့ဆိုရင် ၁၉၉၀၊ စက်တင်ဘာ ၂၅ အင်းစိန်ထောင်တွင်းသပိတ်တိုက်ပွဲ ၃၄ နှစ် ပြည့်မြောက်ခဲ့ပါပြီ။

စစ်အုပ်စုဟာ ၁၉၈၈၊ စက်တင်ဘာ ၁၈ ရက်နေ့ အာဏာသိမ်းပြီးကတည်းက အတိုက်အခံနိုင်ငံရေးသမားတွေကို ပုဒ်မမျိုးစုံတပ်ပြီး ဖမ်းဆီးနှိပ်စက် သတ်ဖြတ်တာတွေ၊ ထောင်သွင်းအကျဉ်းချတာတွေ တစိုက်မတ်မတ် လုပ်ခဲ့တယ်။ ၁၉၉၀ ခုနှစ်၊ မေလမှာ ကျင်းပတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအပြီးမှာ စစ်တပ်က သူတို့ပေးထားတဲ့ကတိအတိုင်း အနိုင်ရပါတီ NLD ကို အာဏာအပ်ဖို့ ကျမတို့တွေ မျှော်လင့်ခဲ့ကြတယ်။ ရက်တွေလတွေသာ ကုန်ဆုံးသွားပေမယ့် အာဏာအပ်ဖို့ဝေးလို့ ထောင်ပြင်၊ ထောင်တွင်း ဖိနှိပ်မှုတွေ ပိုများလာခဲ့တယ်။ ကျမတို့ရဲ့ သည်းခံနိုင်မှုတွေ တစတစ ပျောက်ဆုံးခဲ့ရတယ်။

ဒီလိုနဲ့ စက်တင်ဘာလ နောက်ဆုံးပတ်ရဲ့ ညတညမှာ အင်းစိန်ထောင်ရဲ့ အမျိုးသားဆောင်တွေဆီက လွင့်ပျံ့လာတဲ့ ကြွေးကြော်သံတွေ၊ စစ်ခွေးဟောင်သံတွေ၊ အော်ဟစ်သံတွေက ကျမတို့ရဲ့ ဆုံးဖြတ်ချက်ကို ပိုလို့ခိုင်မာစေခဲ့တယ်။ နိုင်ငံရေးလုပ်လို့ ထောင်ကျသူတွေ ထောင်ထဲရောက်ရင် နိုင်ငံရေးလုပ်လို့မရတော့ဘူးဆိုတာ ကျမတို့လက်မခံပါ။ နိုင်ငံရေးသမားဆိုတာ ဘယ်နေရာရောက်ရောက် ရတဲ့နည်းနဲ့ နိုင်ငံရေးလုပ်ရမယ်လို့ ခံယူထားကြတယ်။ အမျိုးသားရဲဘော်တွေ တိုက်ပွဲဝင်နေကြချိန်မှာ ကျမတို့ အမျိုးသမီးရဲဘော်တွေက တတ်နိုင်သ၍ ပါကြရမယ်။ ပါမှဖြစ်မယ်။ နောက်ချန်နေလို့မရဘူး။ ဒီလို ကျမတို့ တွေးခဲ့ကြတယ်။ ဆုံးဖြတ်ခဲ့ကြတယ်။ ကျမတို့ တာဝန်ကြေခဲ့ကြပါတယ်။ ကျမတို့ဆိုတာက ကျမ၊ မလှလှသန်း၊ မသီတာအေး၊ မခင်ဥမ္မာအေး၊ မစမ်းစမ်းအေး တို့ပါ။

စက်တင်ဘာ ၂၅ ရက်နေ့ မနက်လင်းတာနဲ့ ကျမတို့ သပိတ်မှောက်ပြီဖြစ်ကြောင်း ထောင်အာဏာပိုင်တွေကို အသိပေးခဲ့ကြတယ်။ ကြွေးကြော်သံတွေ တိုင်ကြတယ်။ တောင်းဆိုချက်တွေ ဟစ်ကြွေးကြတယ်။ တချိန်တည်းမှာပဲ အမျိုးသားဆောင်တွေဘက်မှာလည်း အခြေအနေဆိုးနေတယ်ဆိုတာ ကျမတို့ သိနေခဲ့တယ်။ ဘာလို့လဲဆိုတော့ မိုးလင်းကတည်းက ထောင်မှာ အသံချဲ့စက်တွေနဲ့ သီချင်းတွေညံနေအောင် ဖွင့်ထားခဲ့တာကိုး။ ရည်ရွယ်ချက်ကတော့ ထောင်ထဲက ဆန္ဒပြတောင်းဆိုသံတွေ၊ ရိုက်နှက် နှိပ်စက်သံတွေကို ထောင်အပြင်ကလူတွေ မကြားနိုင်အောင်လို့ပါပဲ။ ထပ်ခါတလဲဖွင့်နေတဲ့ သီချင်းကတော့ ဟသ်ာတထွန်းရင်ရဲ့ စာဥသီချင်းပါပဲ။ ဒါကြောင့်မို့လည်း ရဲဘော်တချို့က စက်တင်ဘာသပိတ်တိုက်ပွဲကို စာဥအရေးအခင်းလို့ အလွယ်ခေါ်လေ့ရှိကြတယ်။ ကျမကတော့ ဒီအသုံးအနှုန်းက ကျမတို့တိုက်ပွဲကို သေးသိမ်စေတယ်လို့ ယူဆပြီး ဘယ်တုန်းကမှမသုံးခဲ့ပါဘူး။ ကျမတို့ရဲဘော်တွေ သွေးအလိမ်းလိမ်းဖြစ်အောင် နှိပ်စက်စော်ကားခံခဲ့ရတဲ့အတွက် ကျမအနေနဲ့တော့ ''**သွေးစွန်းတဲ့ စက်တင်ဘာသပိတ်တိုက်ပွဲ**'' လို့ပဲ မှတ်ယူထားပါတယ်။ ခုနကစကား ဆက်ရရင်တော့ သိပ်မကြာခင်မှာပဲ ကျမတို့ရှိရာ အမျိုးသမီးအချုပ်ဆောင် အနောက်တိုက်က အခန်းပြတင်းပေါက်မှာ ထောင်ဝါဒါတွေရဲ့ ခက်ထန်ကြမ်းကြုတ်တဲ့ မျက်နှာတွေ၊ အော်ဟစ်ခြိမ်းခြောက်သံတွေ၊ ဆဲဆိုသံတွေ မြင်ရ၊ ကြားရပါတော့တယ်။ သူတို့ ဘယ်လောက်ပဲ ဆဲဆိုနေကြပစေ ကျမတို့က ရပ်မသွားဘဲ ဆက်ပြီး ကြွေးကြော်မြဲပါပဲ။ ဘေးခန်းက အဖွားဒေါ်ခင်ရီနဲ့ မခင်နှင်းရည်တို့ သားအမိလည်း ကျမတို့နဲ့အတူ ကြွေးကြော်သံတွေကို လိုက်အော်ခဲ့ကြတယ်။

မကြာမီမှာပဲ ထောင်ဝါဒါတွေက ကျမတို့အခန်းကို ပစ္စည်းတွေသိမ်းခိုင်းပါတယ်။ ပြီးတော့ သော့ဖွင့်ဝင်လာပြီး အိတ်အမည်းတွေနဲ့ မျက်နှာကို စွပ်ချလိုက်ပြီး တရွတ်တိုက်ဆွဲခေါ်တာ ခံရပါတော့တယ်။ ဘေးခန်းမှာနေတဲ့ အဖွားဒေါ်ခင်ရီရဲ့ သူတို့ကို ဘယ်ခေါ်သွားကြမလို့လဲဆိုတဲ့ တိုးသဲ့တုန်ယင်တဲ့အသံကို ဆူညံသံနဲ့ မွန်းကြပ် နာကြင်မှုတွေကြားက ကြားလိုက်ရသလိုပါပဲ။ ဗိုလ်စက်ရောင်ဇနီး အဖွားဒေါ်ခင်ရီနဲ့ မခင်နှင်းရည်တို့သားအမိ၊ သခင်ဇင်ဇနီး အဖွားဒေါ်ကြည်ကြည်နဲ့ အမ မဒုံတို့သားအမိ၊ အမေဒေါ်အုန်းမြ၊ အမေညွန့်နဲ့ မချိုးတို့တော့ ကျမတို့မရှိရင် ညကျ ပျင်းနေကြတော့မှာပဲလို့ တွေးဖြစ်အောင်တွေးလိုက်မိသေးတယ်။ မျက်စိအောက်မှာတင် မျက်နှာဖုံးစွပ်ပြီး တရွတ်ဆွဲအခေါ်သွားခံရတဲ့ အသက်နှစ်ဆယ်ဝန်းကျင် ကျောင်းသူလေးတွေအတွက် သူတို့ ခံစားခဲ့ရတဲ့နာကျင်မှုကို နွေဦးတော်လှန်ရေးမှာ ကြုံနေရတဲ့ အဖြစ်အပျက်ဆိုးတွေကြောင့် ကောင်းကောင်းကြီး ကိုယ်ချင်းစာနိုင်ခဲ့ပါပြီ။

ဒီလိုနဲ့ တနေရာရောက်တော့ ကျမတို့ကို နေပူထဲမှာ ဆောင့်ကြောင့်ထိုင်ခိုင်းထားတာ အတော်ကြာတယ်။ မိန်းဂျေးနားမှာ ဖြစ်ပုံရတယ်။ စက်တင်ဘာနေကလည်း အဲဒီနေ့ကျမှ ရက်ရက်စက်စက် ပူလိုက်တာ အရေပြားတွေတောင် ကွာကျသွားမလား မှတ်ရတယ်။ မျက်နှာဖုံးစွပ်ထားတဲ့ကြားထဲက ကြားနေရတာကတော့ တချွင်ချွင်မြည်နေတဲ့ ခြေကျဉ်းသံ၊ ဒေါက်သံတွေပါပဲ။ ရိုက်တဲ့၊ နှက်တဲ့၊ အော်တဲ့အသံတွေလည်း ကြားနေရတယ်။ သေချာတာကတော့ ကျမတို့ကို ထောင်ပြောင်းတော့မယ်ဆိုတာပါပဲ။ တခါတခါ ညှောင်းလွန်းလို့ ခေါင်းနည်းနည်းလောက် လှုပ်မိတာနဲ့ နံပါတ်တုတ်က ဂုတ်ကို မိတ်ဆက်လာပါတယ်။ အတော်ကြီးကြာတော့မှ ကျမတို့ကို ထပြီး ကားပေါ်တက်ခိုင်းတယ်။ ကားကလည်း အတော်မြင့်တယ်။ ကျမအထင်တော့ TE ကားကြီးတွေ ဖြစ်လိမ့်မယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကားပေါ်ကိုတက်ရတဲ့ လှေကားက အတော်မြင့်တယ်။ မမြင်ရတဲ့ကြားထဲကနေ ပြုတ်မကျအောင် မနည်းကုတ်ကပ်ပြီးတက်ခဲ့ရတယ်။

ကားပေါ်ရောက်တော့ ကျမတို့ကို ကားကြမ်းပြင်ပေါ်ထိုင်ပြီး ခေါင်းငုံ့နိုင်းထားတယ်။ အကြောင်းတခုခုကြောင့် လှုပ်လိုက်မိတာနဲ့ နံပါတ်တုတ်က အချိန်မဆိုင်းဘဲ ရောက်လာတတ်တယ်။ မမြင်ရပေမယ့် ပတ်ဝန်းကျင်ကအသံတွေကိုကြားနေရတယ်။ ကလေးတွေ ဆူညံအော်ဟစ်သံကြားရင် ဒါ ကျောင်းလွှတ်ချိန်ပဲလို့ မှန်းဆရတယ်။ လူသံ ကားသံ စက်ဘီးဘဲလ်သံ စတာတွေ နာခံရင်းနဲ့ ရှည်လျားလှတဲ့ တနေ့တာကို ဖြတ်သန်းခဲ့ရတယ်။ အကြာကြီး ကြာပြီးတော့မှ ကားရပ်သွားပါတယ်။

သိပ်မကြာခင်မှာပဲ ခြေကျဉ်းသံတွေနဲ့ လူပေါင်းရေတွက်သံတွေ ကြားကြရတယ်။ နားစွန်နားဖျားကြားရတဲ့ အသံတွေအရ သာယာဝတီထောင်ကို ရောက်ပြီလို့ မှန်းဆသိခဲ့ရတယ်။ ကျမတို့ ၅ ယောက်ကို ချက်ချင်းမချသေးတော့ နောက်တနေရာ ဆက်ခေါ်သွားမှာလားလို့လည်း စိတ်ထဲတွေးမိတယ်။ နောက်ပိုင်းမှ စဉ်းစားမိတာတော့ ကားပေါ်ကနေ ချက်ချင်းမချသေးတာက ကျမတို့ကို သက်သက် ပညာပေးချင်လို့ပဲ ဆိုတာ နားလည်လာတယ်။ အိုက်၊ ရေငတ်၊ ဗိုက်ဆာ၊ အသက်ရှူမဝ၊ ညောင်းညာကိုက်ခဲ စတဲ့ ရသစုံ သစ်သီးတွေ တဝကြီးစားပြီးချိန်မှာတော့ ကျမတို့ကို ကားပေါ်က ဆင်းခိုင်းပါတယ်။ ထောင်ပိုင်ရုံးခန်း ရောက်တော့မှ ကျမတို့ တနေကုန်စွပ်ခဲ့ရတဲ့ ညစ်ပတ်နံစော် အော်ဂလီဆန်စရာကောင်းလှတဲ့ မျက်နှာဖုံး စွပ်တွေ ချွတ်ခွင့်ရပါတော့တယ်။ ဒီတော့မှပဲ တနေကုန် မြင်ခွင့်မရခဲ့တဲ့ ချစ်လှစွာသော အခန်းဖော် ၅ ယောက်ဟာ တယောက်မျက်နှာတယောက်ကြည့်ပြီး ခစ်ခနဲ ရယ်မိကြတယ်။

ထောင်ပိုင်အပါအဝင် ထောင်ဝန်ထမ်းတွေက ဒီလောက်နိုပ်ကွပ်ထားတဲ့ကြားထဲကနေ သူတို့ကို မခန့်လေးစားလုပ်တယ်လို့ ထင်ပုံရတယ်။ နင်တို့ ဒီထောင်ထဲမှာ ရုတ်ရုတ်ရုတ်ရုတ်တော့ လုပ်မယ်မကြံကြနဲ့။ နင်တို့က ၅ ယောက်ထဲ၊ ငါတို့က အများကြီး၊ လက်ဝါးထဲထည့်ပြီး ဟောသလို ခြေပစ်လိုက်လို့ရတယ်ဆိုတဲ့ သာယာဝတီထောင်ပိုင်ကြီးရဲ့ ခြိမ်းခြောက်ကြိုဆိုသံကို ကြားလိုက်ရပါတယ်။ ကျမတို့ ဘာလို့ရယ်တယ်ဆိုတဲ့ အကြောင်းရင်းသာ သူတို့သိခဲ့ရင်တော့ ပက်လက်လန်သွားကြမှာသေချာတယ်။ ကျမတို့တွေက ထောင်ဝင်စာ ထွက်ချိန်ကလွဲရင် တိုက်ထဲမှာ အချိန်ပြည့်အတူနေကြရလေတော့ ရန်ဖြစ်ကြ၊ ပြန်ချစ်ကြ၊ ငြင်းခုန်ကြ၊ ရယ်လိုက်ကြ၊ အတူငတ်ကြနဲ့ ညီအမအရင်းတွေထက်တောင် ချစ်ခင်သံယောဇဉ် ရှိကြတာပါ။ ကျမနဲ့ မလှသန်းဆိုရင် လူ့ဘောင်သစ်က၊ မသီတာအေးနဲ့ မဥမ္မာတို့က NLD က၊ မစန်းစန်းအေး(အင်္ဂွန်း)က ၁၉၈၉ အာဇာနည်နေ့ချီတက်မှု၊ အမှုတွဲမတူကြပေမယ့် တခန်းတည်းမှာ လပေါင်းများစွာ အတူနေရသူတွေ ဆိုတော့ တယောက်မျက်နှာ တယောက်မြင်လိုက်ရချိန်မှာ ပျော်သွားကြတာ။ ဒဏ်ရာကြီးကြီးမားမားမရဘဲ တွေ့ရလို့ ဝမ်းသာသွားကြတာ။ ဒီကြားထဲမှာ ကျမတို့ရှေ့မှာရပ်နေတဲ့ ထောင်ဝန်ထမ်းတွေရဲ့ ပုံပန်းသဏ္ဍာန်တွေက ရယ်ချင်စရာကောင်းနေတာလည်းပါတယ်။

အင်းစိန်ထောင်တွင်းသပိတ်တိုက်ပွဲမှာ ပါဝင်ခဲ့တဲ့အတွက် ပြစ်ဒဏ်အနေနဲ့ ကျမတို့ဟာ သာယာဝတီထောင်မှာ လနဲ့ချီပြီး တိုက်ပိတ်၊ ထောင်ဝင်စာပိတ် ခံခဲ့ကြရတယ်။ ကိုယ့်မိလ္လာကိုယ်ချ၊ ကိုယ့်မိလ္လာကျင်းကိုယ်တူးခဲ့ကြရတဲ့အထိ ပြစ်ဒဏ်အပေးခံခဲ့ကြရတယ်။ ကျန်တဲ့ အကျဉ်းသူတွေနဲ့ မဆက်သွယ်နိုင်အောင် ဒီဘက်တိုက်ကနေ ဟိုဘက်တိုက် ပြောင်းလိုက်၊ ဟိုဘက်တိုက်ကနေ ဒီဘက်တိုက် ပြန်ပြောင်းလိုက်လုပ်ပြီး ထောင်ကလွှတ်ချိန်အထိ သီးသန့်ထားခဲ့ကြပါတယ်။

ဒါက ၁၉၉၀၊ စက်တင်ဘာ ၂၅ အင်းစိန်ထောင်တွင်း သပိတ်တိုက်ပွဲရဲ့ ဖြစ်စဉ်အကျဉ်းချုပ်လေးပါပဲ။ ဒီသပိတ်တိုက်ပွဲမှာ နိုင်ငံရေးအကျဉ်းသားတွေ ရာနဲ့ချီပြီး ရိုက်နှက်နှိပ်စက်ခံရ၊ နယ်ထောင်အသီးသီးကို

ပြောင်းရွှေ့ခံခဲ့ကြရပါတယ်။ ဒဏ်ရာနဲ့လဲနေတဲ့သူကို နားကြပ်နဲ့ထောက်ကြည့်ပြီး ဆက်ရိုက်လို့ရသေးကြောင်း မှတ်ချက်ပေးတဲ့ ထောင်ဆရာဝန်ရဲ့ လူမဆန်စွာရက်စက်မှုကိုလည်း ကြုံခဲ့ကြရတယ်။ သွေးစွန်းတဲ့ စက်တင်ဘာနေ့ရက် ဖြစ်ခဲ့ရပါတယ်။

ဒီအဖြစ်အပျက်တွေကို ကိုဇာဂနာနဲ့ ကိုဇော်သက်ထွေးတို့က ''ရှစ်စက္ကန့်ငြိမ်'' ဆိုတဲ့ ခေါင်းစဉ်နဲ့ မှတ်တမ်းရုပ်ရှင် ရိုက်ကူးခဲ့ပါတယ်။ ရိုက်ကူးပြီးလို့ ရုံတင်ခါနီးမှာ ငဗစ် ပြီးတော့ ငစစ်ကြောင့် ရုံလည်းမတင်နိုင်၊ ကိုဇာဂနာလည်း ထောင်ထဲရောက် ဖြစ်ခဲ့ရတယ်။

အရင်နှစ်တွေတုန်းကတော့ သပိတ်တိုက်ပွဲမှာ အတူပါဝင်ခဲ့ကြတဲ့ ရဲဘော်တွေ စုနိုင်သလောက်စုပြီး အမှတ်တရပွဲလေး လုပ်ဖြစ်တတ်ကြပေမယ့် မနှစ်က ကိုဗစ်ကြောင့် မလုပ်နိုင်ခဲ့၊ ဒီနှစ်တွေကျတော့လည်း အာဏာရှူး မအလကြောင့် မဆုံနိုင်ကြတော့ ....။

ဘယ်ခေတ်ဘယ်အခါမှာဖြစ်ဖြစ် လူမဆန်မှု၊ ဖက်ဆစ်ဆန်မှုတွေနဲ့ ရက်စက်မှုအပေါင်း သရဖူဆောင်းတဲ့ စစ်အာဏာရှင်စနစ် ရှိနေသေးသမျှ ဒီလိုအဖြစ်မျိုးတွေ ထပ်ခါတလဲ ကြုံဆုံနေကြရဦးမှာပါပဲ။

စစ်အာဏာရှင်စနစ် အမြစ်ပြတ်ရမည်။

အရေးတော်ပုံ အောင်ရမည်။

ကြယ်စင်မြစ်

စက်တင်ဘာ ၂၅၊ ၂၀၂၄။

